# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
## (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက် ရက်စွဲပါကြေညာချက်အမှတ် (၆/၂၀၁၃) အရ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦးအစားထိုးပြောင်းလဲထားရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် နေ့စွဲပါကြေညာချက်အမှတ် (၁၂/၂၀၁၃) အရ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး အစားထိုးပြောင်းလဲထားရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက် ရက်စွဲကြေညာချက်အမှတ် (၁၆/၂၀၁၃)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦးအစားထိုးပြောင်းလဲထားတာရှိပါတယ်။ စုစုပေါင်း တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးအစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးအနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့်ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးကလိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကတိသစ္စာပြုချက်

**[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၂၄ ဦးက ကတိသစ္စာပြုပါသည်။]**

"ကျွန်ုပ် သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်တာဝန်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ် ၂၄ ဦးဟာ မိမိတို့အတွက် သတ်မှတ်ပေးထားတဲ့ နေရာတွေမှာနေရာယူပြီး လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ မိမိတို့ရဲ့ ကတိသစ္စာပြုလွှာများကို လွှတ်တော်ရုံးသို့အပ်နှံရမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၄.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၅-၆-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့

ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ဦးရေ ၄၀၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၂၂ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၈ ရက်၊

(၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၄ ရက်၊

(၃) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၃ ရက်၊

(၄) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၆) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၄ ရက်၊

(၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၈) ပင်လောင်းမဲဆန္ဒနယ်မှ  ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊

(၉) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၂ ရက်၊

(၁၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၁၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၃၇ ရက်၊

(၁၂) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၃၀ ရက်၊

(၁၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၄ ရက်၊

(၁၄) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၄ ရက်၊

(၁၅) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၃၀ ရက်၊

(၁၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၁၇) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းကိုဦး ခွင့် ၆၇ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၆၇ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ခွင့် ၁၈ ရက်၊

(၂၁) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၄ ရက်၊

(၂၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာပြည့်စုံကြပါစေ။ မိမိတို့ လွှတ်တော်ရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် အဓိကတာဝန်ရှိသောဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းကျောင်းရေးတို့ကို လက်တွေ့ကျကျ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ကြပါစေ။ မိမိတို့နိုင်ငံတွင် လိုအပ်နေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစတဲ့ကိစ္စများဟာ တစ်ခုနှင့်တစ်ခုဆက်စပ်နေကြပါတယ်။ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများသည်လည်း ဥပဒေများကို စီမံခန့်ခွဲအကောင်အထည်ဖော်ကြသူများနှင့် လိုက်နာကြရသောပြည်သူများ၊ အဖွဲ့အစည်းများနှင့်လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် ဥပဒေများ ပြဋ္ဌာန်းရာတွင် တရားမျှတပြီး ပြည်သူများ အမှန်တကယ်လိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်ပါတယ်။ ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရပါမယ်။ ဆောင်ရွက်ရာတွင်လည်း စိတ်ကောင်းစေတနာများထားရှိပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးဖြစ်ထွန်းစေအောင် ဆောင်ရွက်ကြရပါမယ်။ ဒါနှင့်လည်း မပြီးသေးပါဘူး။ ထိုဥပဒေများကို အမှန်တကယ်လိုက်နာခြင်း ရှိ/မရှိ။ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကိုယ်စား ဖွဲ့စည်းထားတဲ့ လွှတ်တော်များက ပြည်သူများကိုယ်စား စောင့်ကြည့်ထိန်းကျောင်းရန်လည်း လိုအပ်ပါတယ်။ ဒါကြောင့် လွှတ်တော်

ကိုယ်စားလှယ်အားလုံးတွင် တာဝန်ရှိကြသည်နှင့်အညီ တာဝန်ကျေစွာ ဆောင်ရွက်နိုင်ကြပါစေလို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်-

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၃-၃-၂၀၁၃ မှ ၃၀-၃-၂၀၁၃ ရက်နေ့အထိ နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံ။

(ခ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၁-၄-၂၀၁၃ မှ ၂၆-၄-၂၀၁၃ ရက်နေ့အထိ ကိုရီးယားနိုင်ငံ။

(ဂ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈-၆-၂၀၁၃ မှ ၁၈-၆-၂၀၁၃ ရက်နေ့အထိ အမေရိကန်နိုင်ငံ။

(ဃ) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဦးစိုင်းမြင့်အေးတို့ ပါဝင်သောအဖွဲ့၏ ၂၅-၃-၂၀၁၃ မှ ၂၆-၃-၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ။

(င) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုး ခေါင်းဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေ၊ ဦးညီညီမြင့်ပါဝင်သောအဖွဲ့၏ ၂၁-၄-၂၀၁၃ မှ ၂၆-၄-၂၀၁၃ ရက်နေ့အထိ ပြင်သစ်နိုင်ငံ။

(စ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသူရိန်ဇော် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ပါဝင်သောအဖွဲ့၏ ၂၀-၄-၂၀၁၃ မှ ၂၆-၄-၂၀၁၃ ရက်နေ့အထိ ကနေဒါနိုင်ငံ။

(ဆ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး ပါဝင်သောအဖွဲ့၏ ၁-၅-၂၀၁၃ မှ ၁၀-၅-၂၀၁၃ ရက်နေ့အထိ ပြင်သစ်နိုင်ငံသို့ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာ လေ့လာရေးခရီး။

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ပါဝင်သောအဖွဲ့၏ ၁၂-၅-၂၀၁၃ မှ ၁၃-၅-၂၀၁၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ။

(ဈ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ပါဝင်သောအဖွဲ့၏ ၁၂-၅-၂၀၁၃ မှ ၁၆-၅-၂၀၁၃ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံ။

(ည) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ခေါင်းဆောင်သောအဖွဲ့၏ ၁၉-၅-၂၀၁၃ မှ ၂၃-၅-၂၀၁၃ ရက်နေ့အထိ စင်ကာပူနိုင်ငံ။

(ဋ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ပါဝင်သောအဖွဲ့ ၁၉-၅-၂၀၁၃ မှ ၂၆-၅-၂၀၁၃ ရက်နေ့ အထိ ဗီယက်နမ်နိုင်ငံ။

(ဌ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ခေါင်းဆောင်သောအဖွဲ့၏ ၂၈-၅-၂၀၁၃ မှ ၃-၆-၂၀၁၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

(ဍ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘရှိန် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ပါဝင်သောအဖွဲ့၏ ၁-၆-၂၀၁၃ မှ ၈-၆-၂၀၁၃ ရက်နေ့အထိ ဂျာမနီနိုင်ငံ။

(ဎ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း ပါဝင်သောအဖွဲ့၏ ၁၀-၆-၂၀၁၃ မှ ၁၂-၆-၂၀၁၃ ရက်နေ့ အထိ စင်ကာပူနိုင်ငံ။

(ဏ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဦး ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ပါဝင်သောအဖွဲ့၏ ၁၆-၆-၂၀၁၃ မှ ၂၂-၆-၂၀၁၃ ရက်နေ့အထိ ဘယ်လ်ဂျီယန်နိုင်ငံ။

(တ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာ ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ပါဝင်သော အဖွဲ့၏ ၁၆-၆-၂၀၁၃ မှ ၁၉-၆-၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသွားရောက်တဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ နှင့် ပုဒ်မ ၃၃ နည်းဥပဒေ ၁၀၈၊ ၁၀၉ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အဖွဲ့ဝင်အဖြစ် ဦးမြင့်ဆွေ၊ ညွန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ထပ်မံထည့်သွင်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက် တာဝန်ပေးခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တင်ပြပါကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက်တာဝန်ပေးခြင်းကို အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။ ဒီအစီအစဉ်နှင့်ပတ်သက်လို့ အချိန်အတိုင်းအတာပေါ်မူတည်ပြီး မိမိတို့ဆောင်ရွက်ရမည့်ကိစ္စများကို ကြိုတင်ပန်ကြားလွှာဖြင့် ပန်ကြားထားပြီးဖြစ်တဲ့အတိုင်း တင်ပြထားတဲ့ ပန်ကြားလွှာအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်နာဆောင်ရွက်ပေးပါရန် ထပ်မံတင်ပြပါတယ်။

## ဟဲဇင်းကျေးလက်အမာခံကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ တမူးမြို့မှ ဟဲဇင်းကျေးလက်

လမ်းဟာ ၂ မိုင်ခန့်ကွာဝေးပြီး လမ်းနံဘေးပတ်ဝန်းကျင်မှာလည်းပဲ ယခုအခါ အိမ်များဆောက်လုပ်နေထိုင်ကြခြင်းဖြင့် အိမ်ခြေများတစ်ဆက်တစ်စပ်တည်းမကြာမီဖြစ်လာတော့မှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများဟာလည်းပဲ အဆိုပါလမ်းကိုအသုံးပြုလုပ်ကိုင်ကြခြင်း၊ တမူးမြို့ပေါ်မှ တောင်သူလယ်သမားအများစု ထွက်ကုန်သီးနှံများကိုလည်း အဆိုပါလမ်းမတွင်သယ်ယူပို့ဆောင်လျက်ရှိရာ တမူးမြို့နှင့်ဆက်သွယ်ထားတဲ့ ဟဲဇင်းကျေးလက်အမာခံကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းရင်းလေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့မေးခွန်းကိုပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တမူးမြို့နယ်၊ တမူး-ဟဲဇင်းကျေးရွာဟာ အရှည်မိုင်အားဖြင့် ၂ မိုင် ၃ ဖာလုံရှိပြီးတော့ လမ်းရဲ့လက်ရှိအခြေအနေကတော့ ကျောက်လမ်းက ၂ မိုင်၊ မြေသားလမ်းက ၃ ဖာလုံဖြစ်ပါတယ်။ အဆိုပါလမ်းကို ကတ္တရာလမ်းဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေနှင့် ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အရှည် ၃ ဖာလုံနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အရှည် ၃ ဖာလုံ၊ စုစုပေါင်း ၆ ဖာလုံလျာထားပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဖို့ကျန်ရှိတဲ့ကတ္တရာလမ်းကတော့ ၁ မိုင် ၅ ဖာလုံဖြစ်ပါတယ်။ ၎င်း ၁ မိုင် ၅ ဖာလုံအတွက်ကုန်ကျငွေကတော့ ကျပ် ၁၀၀.၅၄ သန်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရစ်ကန်ကြီး-ပင်ကလောင်-သုံးခွမြေသားလမ်းပြုပြင်ပေးပါက ဂဝံလမ်းအဖြစ်ခင်းပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာ လေးစားစွာဖြင့်နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးသွားမယ့်မေးခွန်းကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ဆိုင်တဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိ သနပ်ပင်မြို့နယ် နယ်စပ်တွင် တည်ရှိသည့် ရစ်ကန်ကြီး-ပင်ကလောင်-သုံးခွလမ်းဟာ အရှည် ၉ မိုင် ၂ ဖာလုံရှိပါတယ်။ အဲ့ဒီလမ်းဟာ ရှိပြီးလမ်းဖြစ်ပြီးတော့ အခုအခါမှာလုံးဝပျက်စီးနေပါတယ်။ အဆိုပါလမ်းကို ကျေးရွာ ၁၅ ရွာ မှီခိုအားထားရပြီးတော့ အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူများဟာ ရစ်ကန်ကြီး ကျေးရွာရှိ အထက်တန်းကျောင်းသို့ မိုးတွင်းကာလတွင် ကားလမ်းသွား၍မရသဖြင့် အခက်အခဲများစွာ ရှိပါသဖြင့် ပြုပြင်တည်ဆောက်ခြင်းအား ပထမဦးစွာမြေသားလမ်းကောင်းမွန်အောင်ပြုပြင်ပေးရန်နှင့် လိုအပ်သည်နေရာများတွင် တံတားငယ်များတည်ဆောက်ပေးပါရန် မြေသားလမ်းပြုပြင်ပြီးပါက ဂဝံလမ်းအဖြစ်ခင်းပေးရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းစိန်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရစ်ကန်ကြီး-ပင်ကလောင်-သုံးခွမြေသားလမ်းပြုပြင်ပေးပါက ဂဝံလမ်းအဖြစ်ခင်းပေးရေးမေးမြန်းချက်ကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ရစ်ကန်ကြီး-ပင်ကလောင်-သုံးခွလမ်းဟာ အရှည် ၁၀ မိုင်ရှိပြီးတော့ ဂဝံ ၁ ဖာလုံနှင့် မြေသားလမ်း ၉ မိုင် ၇ ဖာလုံရှိပြီးတော့ ကျေးရွာ ၈ ရွာကနေမှ လူဦးရေပေါင်း ၂၃၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါတယ်။ ရစ်ကန်ကြီး-ပင်ကလောင်-သုံးခွလမ်း ၉ မိုင် ၇ ဖာလုံကို စံချိန်စံညွှန်းနှင့်အညီ မြေသားလမ်းဖောက်လုပ်ပေးမည်ဆိုပါက ကျပ် ၁၁၀.၇၃ သန်းနှင့် အရှည် ၁၀ မိုင်

ဂဝံလမ်းခင်းမည်ဆိုပါက ကျပ် ၄၇၀ သန်းကုန်ကျမှာဖြစ်တဲ့အတွက် စုစုပေါင်းကျပ်သန်းပေါင်း ၅၈၀.၇၃ သန်း လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ၄၃.၂၀၆ သန်းနဲ့ မြေသားလမ်း ၃ မိုင် ၇ ဖာလုံ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါတယ်။ ကျန်မြေသားလမ်း ၆ မိုင်အတွက်လည်းပဲ ကျပ်ငွေ ၆၇.၅၂၄ သန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလျာထားပြီးဖြစ်ပါတယ်။ ဂဝံလမ်းခင်းခြင်းအတွက်ကိုတော့ ကျပ်ငွေ ၄၇၀.၀၀ သန်းကို လာမည့် ၂၀၁၄-၂၀၁၅ ထဲမှာပဲ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံလျာထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**နိုင်ငံတော်မှချပေးသည့် ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော ကုမ္ပဏီများက ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ နိုင်ငံတော်က ချပေးတဲ့ရန်ပုံငွေနဲ့ လမ်း/တံတား၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး၊ မီးလင်းရေးစတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုတဲ့လုပ်ငန်းတွေကို ဝန်ကြီးဌာနအစီအစဉ်နဲ့ လုပ်ငန်းအပ်နှံဆောင်ရွက်စေတဲ့စနစ်နဲ့လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိတဲ့ ကုမ္ပဏီများက ဆောင်ရွက်တဲ့လုပ်ငန်းများနှင့်စပ်လျဉ်းပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေးကို မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိတဲ့ ကုမ္ပဏီများ၊ ပြည်သူများထိခိုက်နစ်နာမှုဖြစ်အောင် ဆောင်ရွက်တဲ့ကုမ္ပဏီများကို မည်ကဲ့သို့ကြပ်မတ်အရေးယူ ဆောင်ရွက်မည်။ မိုင်းရယ်မြို့နယ် မန်ကျောင်းကျေးရွာအတွက် ကျေးလက်လမ်းဖောက်လုပ်ရန် မြေထိုးခြင်းများကြောင့် မိုင်းဟတ်ကျေးရွာအုပ်စု၊ မန်ကောင်းကျေးရွာနှင့် ဟွေကုပ်ကျေးရွာအတွင်းရှိ လယ်မြေများအား ရေပေးဝေတဲ့ ချောင်းမကြီးပိတ်ဆို့သွားခြင်းအား လယ်မြေများပြန်လည်စိုက်ပျိုးနိုင်ရေး မည်ကဲ့သို့ ပြန်လည်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ် ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)** ။ ။ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ နိုင်ငံတော်မှချပေးသည့် ရန်ပုံငွေဖြင့် လမ်း/တံတား၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး၊ မီးလင်းရေး စသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသော ကုမ္ပဏီများက ဆောင်ရွက်သောလုပ်ငန်းများနှင့် စပ်လျဉ်းပြီးသတ်မှတ် စံချိန်စံညွှန်းနှင့် အရည်အသွေး ပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေးကို မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သည်ဟု ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားမှာဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ ချမှတ်ပေးသော မူအရ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ အစိုးရ တာဝန်ယူဆောင်ရွက်မှုကဏ္ဍကို ပုဂ္ဂလိက အခန်းကဏ္ဍပိုမိုပါဝင်လာစေရေး ဦးစားပေးဆောင်ရွက်သွားရန်ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါများခေါ်ယူပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ လုပ်ငန်း အပ်နှံဆောင်ရွက်စေခဲ့ပါတယ်။ သို့ဖြစ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်းမှာ ပြည်နယ်နှင့် တိုင်းဒေသရဲ့ ကျေးလက် ဒေသလမ်း/တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဆောင်ရွက်နိုင်ဖို့အတွက် တင်ဒါစစ်ဆေးရေး ဗဟိုအဖွဲ့မှ အိတ်ဖွင့်စနစ်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ငန်းအပ်နှံစာချုပ်ချုပ်ခဲ့ပါတယ်။ စာချုပ်ချုပ်ဆိုရာတွင်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများအတိုင်း၊ စည်းမျဉ်းစည်းကမ်းများအတိုင်း တိတိကျကျသတ်မှတ်ပြီး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါတယ်။ လုပ်ငန်းများ အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးရေးအတွက် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၉ ဖွဲ့ကို ဖွဲ့စည်းပြီး အဆိုပါအဖွဲ့များနဲ့ လုပ်ငန်းအထောက်အကူပြုစေရန် ပြည်နယ်/တိုင်းဒေသကြီးမှ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းပါဝင်သောလုပ်ငန်း ပြီးစီးမှုစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်း အရည်အသွေးစစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းကြပ်မတ် စစ်ဆေးခဲ့ကြောင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် မြို့နယ်ပေါင်း ၂၆ ခုတွင် ကုမ္ပဏီအသီးသီးမှ ဆောင်ရွက်ခဲ့သောလုပ်ငန်း

များမှာ လမ်းပိုင်းနေဖြင့် ကတ္တရာလမ်းပိုင်းမိုင် ၃၀၊ ကျောက်လမ်း ၂၆ မိုင်၊ မြေသားလမ်းမိုင် ၅၀ ဖြစ်ပြီး တော့ သစ်သားတံတားပေပေါင်း ၇၆၀၊ ရေပြွန်ပေါင်း ၂၆၀ ရှိပြီး စုစုပေါင်းခွင့်ပြုငွေကျပ် ၄၀၈၂.၉၃၁ သန်းအနက် လုပ်ငန်းပြီးစီးမှုမှာ ဇွန်လအထိ ၈၇ ရာခိုင်နှုန်း ဖြစ်ကြောင်းစစ်ဆေးတွေ့ရှိရပါတယ်။ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို စိမ့်စမ်းရေသွယ်လုပ်ငန်း ၃၀ အတွက် ခွင့်ပြုရန်ပုံငွေ ၄၃၇.၀၀ သန်းနဲ့ ပြီးစီးမှုရာခိုင်နှုန်အားဖြင့် ၉၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကျေးလက်မီးလင်းရေးအနေနဲ့ကတော့ ရှမ်းပြည်နယ်အတွင်း မြို့နယ် ၇ မြို့နယ်၊ ကျေးရွာ ၂၉ ရွာ၊ အကျိုးပြုအိမ်ခြေ ၂၀၇၉ ခု အိမ်ခြေနဲ့ အကျိုးပြု လူဦးရေပေါင်း ၁၀၆၇၉ ရှိခဲ့ပြီး နေရောင်ခြည်စွမ်းအင်သုံးမီးလင်းရေးကိုလုပ်ငန်း ၂၀၇၉ ခုအတွက် ကုန်ကျငွေ ၄၁၅.၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာမှာ လုပ်ငန်းပြီးစီးမှုဟာ ၁၀၀ ရာခိုင်နှုန်း ရှိခဲ့ပြီးဖြစ်ပါတယ်။

ဒီစစ်ဆေးရေးအဖွဲ့များအနေနဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးချက်နှင့် အတူငွေများပေးချေရာမှာ ပထမအရစ် ၂၀ ရာခိုင်နှုန်း၊ ဒုတိယအရစ် ၃၀ ရာခိုင်နှုန်း၊ တတိယအရစ် ၃၀ ရာခိုင်နှုန်းနှင့် နောက်ဆုံးအဆင့်မှာ ၂၀ ရာခိုင်နှုန်း ပေးချေခဲ့ပါတယ်။ ဒီလိုပေးချေရာမှာလည်းပဲ တတိယအရစ်နှင့် စတုတ္ထအရစ်ပေးချေရာမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးတစ်ဦးရဲ့ ထောက်ခံချက်များရရှိပြီးတော့ ပေးစေခြင်းဖြင့် လုပ်ငန်းအရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ စံချိန်စံညွှန်းမပြည့်ဝ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိတဲ့ ကုမ္ပဏီများနှင့်စပ်လျဉ်းလို့ကတော့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီးတော့ အမြဲကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ သတ်မှတ်ပုံစံ နှင့်မကိုက်ညီလျှင်သော်လည်းကောင်း၊ စံချိန်စံညွှန်းနှင့်မကိုက်ညီသော ပစ္စည်းများအသုံးပြုလျှင်သော်လည်းကောင်း စစ်ဆေးတွေ့ရှိရပါက စစ်ဆေးရေးအဖွဲ့၏ညွှန်ကြားချက် အတိုင်းအသစ်ပြန်လည်ပြုလုပ်စေခြင်း၊ ပစ္စည်းများလဲလှယ်ခြင်း၊ လုပ်ငန်းလက်ခံသူမှ သတ်မှတ်ထားတဲ့ စီမံကိန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါက အာမခံထားရှိသည့် ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းနှင့် ဒဏ်ကြေးငွေများပေးဆောင်ခြင်း၊ ၅ နှစ်ကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်က ကုမ္ပဏီများမှ မိမိတို့စရိတ်များဖြင့် ပြန်လည်ပြုပြင်စေခြင်းစသည့် ကြပ်မတ်အရေးယူခြင်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မန်ကျောင်းကျေးရွာအတွက် ကျေးလက်လမ်းဖောက်လုပ်ရန် မြေထိုးခြင်းကြောင့် မန်ကောင်းကျေးရွာနှင့် ပေွကုပ်ကျေးရွာအတွင်းလယ်များ ရေပေးဝေသည့် မြောင်းမကြီးပိတ်ဆို့သွားခြင်းအား လယ်မြေများ စိုက်ပျိုးရေးကဲ့သို့ စိုက်ပျိုးနိုင်ရေး မည်ကဲ့သို့ ပြန်လည်ဆောင်ရွက်ပေးမည်ကို မေးခွန်းနဲ့ပတ်သက်၍ မိုင်းရယ်မြို့နယ်၊ မိုင်းဟ-မန်မုံ-မန်ကျောင်းကျေးရွာဆက်လမ်း ၄ မိုင်ဖောက်လုပ်ခြင်း ကုန်ကျငွေ ၄၉.၂ သန်းနှင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်ထဲမှာ လျာထားခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ ၃ ပေ x ၃ ပေ x ၂၄ ပေ RC Boxculvert ၁ စင်း၊ ၅ ပေ x ၅ ပေ x ၂၄ ပေ RC Boxculvert ၁ စင်းနဲ့ သံကူကွန်ကရစ်တံတား ၁ စင်း၊ ၁၀ ပေ သံကူကွန်ကရစ်တံတား ၃ စင်းနဲ့ ရေပွင့်ကန် ၁၀စင်း ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။ ဒီရေပွင့်ကန်များဆောင်ရွက်မယ့်ကုန်ကျငွေအားလုံးပေါင်းကလည်းပဲ ၅၅.၄ သန်း လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ ကျေးလက်လမ်းပေါ်မှာရှိတဲ့ ရေးပေးဝေသည့်လမ်းကြောင်း ပိတ်ဆို့ခြင်းနှင့်စပ်လျဥ်း၍ အဓိကလိုအပ်သော ရေပွင့်ကန် RC Boxculvert ၁ စင်း ဆောက်လုပ်လျက်ရှိပြီးတော့ ကျန်တဲ့ ရေပွင့်ကန်များတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ခုနက ဝန်ကြီးဖြေဆိုသွားတဲ့အထဲမှာ နောက်ဆုံးမေးခွန်းဖြစ်တဲ့ လယ်ရေပေးရေးကိစ္စတွေမှာ ပိတ်ဆို့သွားတဲ့ကိစ္စတွေကို ပြန်လည်ပြင်ဆင်ဖို့၊ ရေပွင့်ကန်တွေလုပ်ဆောင်ပေးဖို့ ၂၀၁၄-၂၀၁၅ မှာ လုပ်ပေးမယ်လို့ဖြေကြားသွားပါတယ်။ အခုလက်ရှိအခြေအနေအရ လယ်သမားတွေက စိုက်ပျိုးရေးလုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အချိန်မှာ ဘယ်လိုမျိုးများဆောင်ရွက်ပေးပါမလဲ။ အခုတင်ပြချက်အရ သူတို့ဆက်လက်ပြီးစိုက်ပျိုးနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ချက်ချင်းဖြေရှင်းပေးဖို့ တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့ ကုမ္ပဏီကလာရောက်ကြည့်ရှုပြီးတော့ မိုးကျနေလို့ လုပ်ဆောင်လို့မရပါဘူးဆိုပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးကိုပြောပြီး ပြန်သွားတယ်လို့သိရပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားတွေ ဒီနှစ်အမီစိုက်ပျိုးနိုင်ဖို့ ဘယ်လိုမျိုးများဆောင်ရွက်ပေးမလဲဆိုတာသိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဗိုလ်ချုပ် ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)** ။ ။ ကိုယ်စားလှယ်တော်ကြီး ပြန်လည်တင်ပြချက်ကိုလည်း ကျွန်တော်မှတ်သားထားပြီးတော့ ဒီနှစ်အတွင်းစိုက်ပျိုးနိုင်ရေးအတွက် ကိုလည်း ဦးစားပေးလုပ်ရမည့်လုပ်ငန်းကို ကွင်းဆင်းပါ့မယ်။ ဒါ ကုမ္ပဏီတွေကမလုပ်နိုင်တဲ့အပိုင်းရှိလို့ ရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနကပူးပေါင်းပြီးတော့ အလေးထားပြီးတော့ ပူးပေါင်းဆောင်ရွက် ပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**စိုက်ပျိုးရေအပြည့်အဝပေးနိုင်ခြင်းမရှိသော လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ရှိပါသလား၊ ရှိပါက မည်ကဲ့သို့ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ရေတင်ပက်မောင်းနှင်ချိန်များတွင် လျှပ်စစ်ဓာတ်အားပုံမှန်ဖြန့်ဖြူးပေးခြင်းများ လျော့ချခြင်း၊ ဖြတ်တောက်မှုများပြုလုပ်ပြီး ဓာတ်အားပြည့်ပို့လွှတ်နိုင်အောင်ဆောင်ရွက်ခဲ့ကြတဲ့အတွက် လျှပ်စစ်ဓာတ်အားဖြတ်တောက်ခံရတဲ့ လုပ်ငန်းရှင်များ၊ ဓာတ်အားသုံးပြည်သူများ မကျေနပ်မှုနဲ့ စိတ်ညစ်ညူးမှုများ ရှိခဲ့သည်ကို ကြုံတွေ့ခဲ့ရပါတယ်။ လျှပ်စစ်ဗို့အား၊ စီးအားများ မပြည့်မီတော့ရင်လည်း ဓာတ်အားလုံးဝ ပြတ်တောက်၍လည်းကောင်း၊ တောင်သူများရေရရှိရေး အစီအစဉ်များ ကမောက်ကမဖြစ်ပြီး အချိန်ဆုံး၊ လုပ်အားဆုံးနဲ့ လုပ်ငန်းအစီအမံများ ပျက်ပြီးတော့ စိတ်ညစ်ညူးခဲ့ကြရတာလည်း ကြုံတွေ့ခဲ့ရဖူးပါတယ်။ ဒါကြောင့်မို့လို့ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးတဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများရဲ့ စီမံကိန်းတစ်ခုခြင်းအလိုက် အသုံးပြုရန်လိုအပ်သော လျှပ်စစ်ဓာတ်အားအပြည့်အဝ မရရှိသဖြင့် မူလမြစ်ရေတင်စီမံကိန်း၏ မူလရည်မှန်းချက်သီးနှံပုံစံအရ စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ခြင်းမရှိတဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ရှိပါသလား။ ရှိပါက ယင်းစီမံကိန်းများအား မည်ကဲ့သို့ဆက်လက်ပြုပြင် ဆောင်ရွက်သွားမည်ကို စီမံကိန်းတစ်ခုချင်း အလိုက်သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ဆောင်ရွက်ပြီး၊ဆောင်ရွက်ဆဲ မြစ်ရေတင် စီမံကိန်းလုပ်ငန်း ၃၆၇ ခု၊ အကျိုးပြုဧက ၇၄၂၄၈၆ ဧကအနက် ဆောင်ရွက်ပြီး ၃၂၇ ခု၊ အကျိုးပြုဧက ၄၉၆၉၀၅ နှင့် ဆောင်ရွက်ဆဲ ၄၀ ခု၊ အကျိုးပြုဧက ၂၄၅၅၈၁ ခုရှိခဲ့ပါတယ်။ ဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်း ၃၂၇ ခုမှာ လျှပ်စစ်ရေတင်လုပ်ငန်း ၁၃၉ ခု၊ အကျိုးပြုဧက ၃၈၅၅၇၀ ပါဝင်ပြီး ကျန် ၁၈၈ ခု၊ အကျိုးပြုဧက ၁၁၁၃၃၅ မှာ ဒီဇယ်ရေတင်လုပ်ငန်းများဖြစ်ပါတယ်။ မြစ်ရေတင် လုပ်ငန်းများ မစတင်မီကပင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ လုပ်ငန်းအသီးသီးမှာ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေမှာ အချိန်နှင့်အမျှ ပြောင်းလဲနေသဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် အတိအကျရှင်းလင်းဖြေကြားရန်အတွက် ကျွန်တော်တို့ အခက်အခဲရှိနိုင်ပါတယ်။ လက်ရှိဆောင်ရွက်ပြီး လျှပ်စစ်မြစ်ရေတင် ၁၃၉ ခုအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၂၉၁.၅၁ အမ်ဗွီအေဖြစ်သော်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အမှန်ရရှိမှုမှာ ၁၄၀.၄၅ အမ်ဗွီအေ၊ ၄၈ ရာခိုင်နှုန်းနှင့် အမှန်ရေပေးစိုက်ဧကမှာ ၈၉၆၇၀ ဧက ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၆ ခု၊ အကျိုးပြုဧက ၁၀၂၅၂၀ ဧကရှိပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၆၀.၃၇ အမ်ဗွီအေဖြစ်ရာ အမှန်ရရှိမှုမှာ ၂၇.၆၂ အမ်ဗွီအေ ၄၅ ရာခိုင်နှုန်းနှင့် အမှန်ရေပေးဧကမှာ ၁၆၃၃၀ ဧက ၁၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားရရှိမှုအရ ရေပေးဧက အချိုးညီစွာမရရှိခြင်းမှာ ရေတင်အဆင့်များလွန်းခြင်း၊ ရေလိုအပ်ချက်များသော စပါးသီးနှံဦးစားပေး စိုက်ပျိုးခြင်း၊ လျှပ်စစ်ဓာတ်အား တစ်ဆက်တစ်စပ်တည်းရရှိရန်နှင့်ဗို့အားအပြည့်အဝ ရရှိရန်လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ လက်ရှိလျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်းများသည် ရေတင်အဆင့်များသောလုပ်ငန်း

များဖြစ်၍ ရေလိုအပ်ချက်များသော စပါးကဲ့သို့ သီးနှံများအား မြောင်းရင်းများနှင့် ရေတင်အဆင့် (၁)နှင့် (၂) တို့တွင်သာ စိုက်ပျိုးစေခြင်း၊ မြောင်းဖျားနှင့် အခြားရေတင်အဆင့်များတွင် ရေလိုအပ်ချက်နည်းတဲ့ ယာသီးနှံများကို ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မူလစီမံကိန်းရည်မှန်းချက်မှာ မပါဝင်တဲ့ ကျေးရွာလူထုနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များသောက်သုံးရေရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်ခြင်းဖြင့် ရရှိသောလျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ အသုံးပြုဆောင်ရွက်လျက်ရှိပါ ကြောင်းဖြေကြားရင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လယ်ယာမြေများတွင် အမှန်တကယ်လိုအပ်၍သုံးစွဲရန်နှင့် သုံးစွဲလျက်ရှိသောမြေများအားအသုံးပြုရန် (လန-၃၉)လျှောက်ထားရရှိနိုင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာမြေများပေါ်မှာ အမှန်တကယ်လိုအပ်၍ လယ်ယာမြေများကို အခြားနည်းဖြင့်အသုံးပြု၍ အသုံးပြုဆဲ၊ အသုံးပြုပြီးဖြစ်တဲ့ လယ်ယာမြေများကို (လန-၃၉) လျှောက်ထားရရှိနိုင်မှုနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့တွင် ပေါက်မြို့မှ ပခုက္ကူ ဆိပ်ဖြူမြို့များအထက် ပေါက်မြို့နှင့် အင်းတော်ကျေးရွာကြား ကားလမ်းဘေးဝဲ/ယာများရှိ ယာမြေများပေါ်မှာ လွန်ခဲ့သော ၅ နှစ်ကျော်ခန့်ကစပြီး မြို့လူဦးရေတိုပွားလာခြင်းကြောင့်တစ်မျိုး၊ မြို့ပေါ်ရှိအိမ်ဝိုင်းမြေများကို ရေဘေးအန္တရာယ်ကျရောက်ခဲ့ခြင်းကြောင့် အဆိုပါကားလမ်းဘေးဝဲ/ယာရှိ ယာမြေများပေါ်မှာ ရွှေ့ပြောင်းနေထိုင်မှုများပြုကာ စားဝတ်နေရေးအတွက် စားသောက်ဆိုင်၊ ဈေးဆိုင်နှင့် အလုပ်ရုံများအပါအဝင် ဝိုင်းကွက်ပေါင်းများစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နေကြပါတယ်။ အဆိုပါနေထိုင်ကြသူများက ၎င်းတို့နေထိုင်တဲ့ ယာမြေ၊ ဝိုင်းမြေများကို တရားဝင်ဝိုင်းမြေများအဖြစ်ပြောင်းလဲလိုသောကြောင့် အဆိုပါယာမြေများကိုဥပဒေနှင့်အညီ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခွင့်ဖြစ်သည့် (လန-၃၉) ယခုအခေါ် (လန-၃၀) ရရှိရန် လျှောက်ထားလိုသောဆန္ဒများရှိနေကြပါတယ်။ ဒါကြောင့် မိမိအနေဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုသည်မှာ လယ်ယာမြေများပေါ်တွင် အမှန်တကယ်လိုအပ်၍

လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန်၊ အသုံးပြုဆဲ၊ အသုံးပြုပြီးဖြစ်သောမြေများကို လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခွင့် (လန-၃၉) ယခုအခေါ် (လန-၃၀) လျှောက်ထားခွင့်ရှိ/မရှိ။ လျှောက်ထားခွင့်ရှိပါကမည်သို့ဆောင်ရွက်ရ၍ မည်မျှကုန်ကျမည်နည်း။ လျှောက်ထားခွင့်မရှိပါက အဘယ်ကြောင့်မရှိသည်ကိုသိလို၍ ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ ဆိုသည်မှာ ယခင် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ တွင် ဤဥပဒေပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သောအာဏာပိုင်သည် လိုအပ်သည်ဟုထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်ဟုပြဋ္ဌာန်းထားရှိသဖြင့် လယ်ယာမြေများအား စိုက်ပျိုးမှုမှအပ အခြားလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိစေရန်လျှောက်ထား ဆောင်ရွက်ရွက်ရခြင်းဖြစ်ပါတယ်။ ယခုအတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၄၃ (က) အရ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရလည်းကောင်း၊ လယ်ယာမြေနည်းဥပဒေပုဒ်မ ၁၁၇(က)အရ ၁၉၅၄ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများကိုလည်းကောင်း ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန်ကိစ္စများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေအခန်း(၁၀)၊ လယ်ယာမြေကိုအသုံးချရေးမှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားရှိပါတယ်-

ပုဒ်မ ၂၉။ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်းအကောင်အထည်ဖော်

မည့် ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၃၀။ အများပြည်သူအကျိုးငှာ လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ (က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကိုအခြားနည်းဖြင့်အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုနိုင်သည်။

လယ်ယာမြေနည်းဥပဒေ ၈၂ မှာ လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့်ရရှိလိုသူသည် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့်လျှောက်လွှာ(ပုံစံ-၁၄)ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဟုပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသုံးပြုလိုသည့်နည်းလမ်းအလိုက် အမှုတွဲများဖွင့်လှစ်ခြင်း၊ စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်းနည်းလမ်းများကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လရ-၅/(၀၁၇/၂၀၁၃)ဖြင့် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များသို့ အသေးစိတ်ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အတွင်း ပေါက်မြို့နှင့် အင်းတောရွာအကြား ပေါက်မြို့မှ ဆိပ်ဖြူမြို့သို့သွားသောကားလမ်းဘေးဝဲ/ယာရှိ ကွင်းအမှတ်(၁၆၀၁)၊ ဦးပိုင်ပေါင်း ၁၅ ခု၊ ယာမြေဧရိယာ ၉.၈၈ ဧကမှာ လူနေအိမ်များ၊ စာသောက်ဆိုင်၊ ဓာတ်ဆီဆိုင်၊ စိမ်းစိုစိုက်ပျိုးရေးခြံနှင့် ဝန်ထမ်းပေါင်းစုံစိုက်ပျိုးမွေးမြူရေးခြံအဖြစ် ၂၀၀၈ ခုနှစ်မှစ၍ အသီးသီးနေထိုင်အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေအခြားနည်းသုံး လျှောက်ထားခြင်းနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိပြီး လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိပြီးမှသာ ခွင့်ပြုသည့်ဧရိယာအတွင်း ခွင့်ပြုသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရမည်ဖြစ်ပါတယ်။ လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားမှုနှင့်စပ်လျဉ်းပြီး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ အသေးစိတ်ပြဋ္ဌာန်းဖော်ပြထားပြီးဖြစ်သည့်အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာလိုက်နာဆောင်ရွက်လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါတယ်။

လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့်လျှောက်ထားရာမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှဆောင်ရွက်ပေးရသောလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးတစ်စုံတစ်ရာပေးဆောင်ရန်မလိုအပ်ကြောင်းနှင့် လယ်မြေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှစိစစ်ခွင့်ပြုပြီး လယ်မြေမှတစ်ပါး လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က စိစစ်ခွင့်ပြုထုတ်ပေးသွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းများနှင့်ပတ်သက်ပြီး လယ်ယာမြေကိုအခြားနည်းအသုံးပြုလိုသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်စွာလိုက်နာဆောင်ရွက်လျှောက်ထားသင့်ပါကြောင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်၍ တိုင်းဒေသအတွင်းဖြစ်ပေါ်လျက်ရှိတဲ့ မြေပြင်အခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏စိစစ်တင်ပြချက်အပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ မေးခွန်းမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့အမေးမှာ (လန-၃၉)လျှောက်ထားခွင့်ရှိ/မရှိဆိုတာကို လျှောက်ထားခွင့်ရှိတယ်ဆိုတဲ့အကြောင်း သက်ဆိုင်ရာက ဖြေပါတယ်။ စာပါတချို့နေရာမှာကျတော့ အဲ့ဒီနေရာတွေကို ပြောင်းရွှေ့နေထိုင်လျက်ရှိတယ်ဆိုတဲ့သဘော လည်းပါပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်နေတဲ့နေရာမှာ အဆင်ပြေအောင် မေးမြန်းတယ်လို့လည်း ယူဆပါတယ်။ မေးမြန်းမှုအပေါ်တော့ ဖြေပြီးပြီ။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒေသမှာပြဿနာတစ်စုံတစ်ရာ ကြီးငယ်ရှိတယ်ဆိုရင်တော့ အဲ့ဒီအကြောင်းအရာကိုတိတိကျကျဖော်ပြပြီးတော့ သက်ဆိုင်ရာကို တင်ပြညှိနှိုင်းတာကောင်းမယ်လို့ ယူဆပါတယ်။ လိုမယ်ဆိုလို့ရှိရင် လည်း သက်ဆိုင်ရာလွှတ်တော်နယ်မြေကဖြစ်ပေါ်တဲ့အခြေအနေကို ကျွန်တော်တို့လွှတ်တော်ကို သီးခြား ပြန်တင်ပြရင် ပိုပြီးတော့အဆင်ပြေနိုင်ပါတယ်။

**ဇရပ်ခင်အုပ်စုအတွင်းသို့စီးဆင်းလာသော အိုင်တုံချောင်းနှင့် တုန်ကန်ချောင်းဆုံအောက်ပိုင်းရှိ သဲသောင်များ၊ ကျွန်းများကိုတူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်ဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ဇရပ်ခင်အုပ်စုအတွင်း ဖြတ်ဝင်စီးဆင်းလာသော တုန်ကန်ချောင်းနှင့် အိုင်တုံချောင်းတို့ ဇရပ်ခင်အုပ်စု အောက်တဲစုကျေးရွာထိပ်တွင်ပေါင်းဆုံ၍ရေများဝဲလည်ကာ သောင်ထွန်းခြင်းကြောင့် ရေများလျှံတက်ကာ ဇရပ်ခင်ရွာဟောင်းကျေးရွာ၊ နံစလေးကျေးရွာ၊ အောက်တဲစုကျေးရွာနှင့် နမ့်မော်ကျေးရွာအုပ်စု ရွာသာရွာ၊ သစ်တဲရွာ၊ နမ့်မော်ကျေးရွာ၊ ယင်းတိုက်ကုန်းကျေးရွာအုပ်စုပိုင် ဆေးရိုးခင်၊ ချောက်တစ်ရာ၊ ညောင်ပင်သာကျေးရွာများရှိ တောင်သူများ၏စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးမှုဒဏ်နှစ်စဉ်လိုလိုခံစားရပြီး အတိဒုက္ခရောက်ခဲ့ရပါတယ်။ အိုင်တုံချောင်းနှင့် တုန်ကန်ချောင်းဆုံအောက်ပိုင်းရှိ သဲသောင်များ၊ ကျွန်းများကိုတူးဖော်ပေးပြီး ချောင်းရေကိုစစ်တောင်းမြစ်အတွင်းသို့ပို့ဆောင်နိုင်ပါက နှစ်စဉ်လိုလိုပျက်စီးခဲ့ရတဲ့ စိုက်ပျိုးမြေဧက ၃၀၀၀ ကျော်အား ပျက်စီးဆုံးရှုံးမှုမှကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်နေမှုကို နိုင်ငံတော်ကသိရှိပါသလား။ သိရှိပါလျှင်ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်ဟု ၈-၄-၂၀၁၃ ကမေးမြန်းခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပဲခူးမြို့သို့ ပြည်သူများနဲ့တွေ့ဆုံပွဲလာရောက်စဉ်ကလည်း ပြည်သူတစ်ဦးမှတင်ပြခဲ့ပါတယ်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးခဲ့ရာ ထိုချောင်းဆုံမှ စစ်တောင်းမြစ်အထိ ၄ မိုင် ၆ ဖာလုံခန့်တူးဖော်ပေးခဲ့ပြီး ၃၁-၅-၂၀၁၃ တွင် အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ထို့အပြင် အိုင်တုံချောင်းအထက်ပိုင်းဖြစ်သော အင်းပတ်လည်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ယင်းတိုက်ကုန်းကျေးရွာအုပ်စုမှစ၍တူးဖော်ပေးခဲ့သည့်အတွက် ထိုအရပ်ဒေသမှလယ်မြေများ ရေကြီးရေလျှံဖြစ်ခြင်းဒုက္ခမှကင်းလွတ်ခဲ့ပြီးဖြစ်ရာ ဒေသခံတောင်သူလယ်သမားများ စပါးများကိုစိတ်ချစွာစိုက်ပျိုးနိုင်ပြီဖြစ်တဲ့အတွက် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာရှိနေကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အထူးပင်ကျေးဇူးတင်ရှိနေပါကြောင်းနှင့် ကျွန်တော်ကလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**မလှိုင်မြို့သုတေသနစိုက်ပျိုးရေးခြံအား ဝါသုတေသနလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက် မလှိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ မြန်မာမျိုးရင်းဖြစ်တဲ့ နိုင်ငံတကာမှာ နာမည်ရတဲ့ ပေါ်ဆန်းမွှေး(ရွှေဘိုပေါ်ဆန်း) ကဲ့သို့သော စပါးများအတွက် အထွက်တိုးရန် သုတေသနအစီအစဉ်ရှိ/ မရှိနှင့် မရှိပါက မည်သည့်အတွက်ဖြစ်သည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ အညာဒေသအနေနဲ့ အထူးအားထားအသက်မွေးဝမ်းကျောင်းပြုရတဲ့ ဝါငွေချည်-၆ ဝါမှ အပ နှမ်း၊ ပဲအမျိုးမျိုးအထွက်တိုးမျိုးကောင်းမျိုးသန့်များ၊ နည်းပညာများ ရယူမှုသာ လျှင် အခက်အခဲအမျိုးမျိုးအား တောင်သူယာသူများမှ ဖြေရှင်းနိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှ တင်သွင်းနေသော စက်မှုကုန်ကြမ်းဝါများ သွင်းကုန်အစားထိုးအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်ပ ကိုပါ တင်ပို့နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့်ဝါငွေချည်-၆ ဝါမျိုးအပြင် မျိုးရိုးဗီဇပြောင်းလဲထားတဲ့ ဝါများ၊ နှမ်း၊ ပဲ အမျိုးမျိုးအတွက် နည်းပညာနှင့် အထွက်တိုးမျိုးများ ရရှိရေးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

တတိယအနေနဲ့ကတော့ ၁၉၂၀ ခုနှစ်ကတည်းက တည်ထားခဲ့တဲ့ မလှိုင်မြို့ သုတေသန စိုက်ပျိုးရေးခြံ ဝါသုတေသနလုပ်ငန်းများကို ဆက်လက်ပြီးတော့ လုပ်ကိုင်ရန်အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ မန္တလေး တိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မေးခွန်းနှင့် ပတ်သက်လို့ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မြန်မာ့မျိုးရင်းဖြစ်တဲ့ နိုင်ငံတကာမှာ နာမည်ရ ပေါ်ဆန်းမွှေး(ရွှေဘိုပေါ်ဆန်း) ကဲ့သို့ မျိုးစပါးအထွက်တိုးရန် သုတေသန အစီအစဉ် ရှိ/မရှိ။ မရှိက မည်သည့်အတွက်ဖြစ်သည်ကို သိလိုပါ ကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ပေါ်ဆန်းမွှေးဟာ (Tropical Japonica) အမျိုးအစားမှာ ပါဝင်ပြီး ရာသီအလိုက် သီးပွင့်တဲ့စပါးမျိုး ဖြစ်ပါတယ်။ ပေါ်ဆန်းမွှေးမှာ အဖိုမြုံထိန်းသိမ်းသော ဗီဇ (B gene) သို့မဟုတ် အဖိုလိုင်းဗီဇ (R gene) ဗီဇများ ပါဝင်ခြင်းမရှိသဖြင့် အထူးအထွက်တိုး ပေါ်ဆန်းမွှေး စပ်မျိုးအဖြစ် ပြုပြင်ထုတ်လုပ်ရန် နည်းပညာအရ မလွယ်ကူကြောင်း တွေ့ရှိရပါတယ်။ သို့သော်

ၾင်းပေါ်ဆန်းမွှေးစပါးမျိုးအား စိုက်ချိန်မှန်ကန်စွာဖြင့် တစ်နှစ် နှစ်သီး စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြု၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ စနစ်တကျ လိုက်နာဆောင်ရွက် စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ရာသီအလိုက်သီးပွင့်တဲ့ ပေါ်ဆန်းမွှေးစပါးမျိုးအား သက်လျင်သက်တမ်းစပါးမျိုးအဖြစ်နဲ့ အထွက်တိုး လာစေရန်အတွက် (၁) မျိုးကူးဆက်၍ သားဆက်အဆင့်ဆင့် ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒုတိယနည်းကတော့ ဂါမာရောင်ခြည် ပေးပြီးတော့ သက်တမ်းတို အထွက်ကောင်းဖြစ်လာ အောင် လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ တတိယနည်းလမ်းကတော့ (Tissue Curture) နည်းလမ်း ဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပေါ်ဆန်းမွှေးစပါးဟာ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းလာအောင် လက်ရှိဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါအပြင့် လက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေနဲ့ ပေါ်ဆန်းစပါးကို အဓိကထားပြီး သုတေသနများ ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဝါအထွက်တိုးနည်းပညာနှင့်ပတ်သက်လို့ သိပ္ပံနည်းကျ GAP စိုက်နည်းစနစ်များနဲ့ တောင်သူများသိရှိလိုက်နာနိုင်စေရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အပင်ပြုစုစောင့်ရှောက်မှုနည်းစနစ်များ၊ ပိုးမွှားကာကွယ်ရေးနည်းပညာများကို တောင်သူများ အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရေးအတွက် နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် လယ်ယာ စီးပွားသတင်းဂျာနယ်မှာ နည်းပညာနှိုးဆော်ချက်များအနေဖြင့် ထည့်သွင်းဖော်ပြပေးခြင်း၊ ဝါအဓိက စိုက်ပျိုးတဲ့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ဝါစံပြ အထူးအထွက်တိုး စိုက်ခင်းများ ဧက ၅၀၀ ကျော် စိုက်ပျိုးကာ တောင်သူများအား ဖိတ်ခေါ်ပြသတဲ့ (Free Day) များဆောင်ရွက်ခြင်း၊ စိုက်နည်းပေးနည်းပညာအကူအညီပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက် ပေးလျက်ရှိပါတယ်။

အထွက်တိုးမျိုးများ ရရှိရေးနှင့်ပတ်သက်ပြီးတော့ တောင်သူအများစုစိုက်ပျိုးနေတဲ့ ငွေချည်-၆ ချည်မျှင်ရှည်ဝါမျိုးဟာ အရည်အသွေးနှင့် အထွက်နှုန်းကောင်းပြီး သီးလုံးဖောက်ပိုးဒဏ်ကို ခံနိုင်ရည်ရှိတဲ့ အဆိုပါမျိုးရဲ့ မျိုးရိုးဗီဇယုတ်လျော့မှု မရှိစေရေးအတွက် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ ငွေချည်-၆ ဝါမျိုးအား နှစ်စဉ်သွေးသစ်လောင်းခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မျိုးစေ့ထုတ်လုပ်ခြင်းအနေဖြင့် မိဘမျိုးစေ့ (Breeder Seed)၊ ဆင့်ပွားမျိုးစေ့ (Foundation Seed)၊ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed) များကို

မိမိဌာနပိုင် ခြံများမှာ စိုက်ပျိုးပွားများပြီး မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed) များကို ခြံများမှ တစ်ဆင့် တောင်သူများထံသို့ နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိပါသည်။ ၎င်းဝါမျိုးစေ့မှရရှိတဲ့ တောင်သူများ အနေဖြင့် အဆိုပါဝါမျိုးစေ့များကို ၃ နှစ်အထိ တောင်သူများအချင်းချင်း မျိုးဖလှယ်ပွားများ စိုက်ပျိုး နိုင်ပါတယ်။ ငွေချည်-၆ ဝါမျိုးအပြင် မျိုးသစ်များ ရရှိရေးအတွက်လည်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ လွန်ကျော်ဝါသုတေသနမျိုးသန့်ခြံနှင့် ရွှေတောင်ဝါသုတေသနမျိုးသန့်ခြံများမှာ အရည်အသွေးကောင်း ဝါမျိုးသစ်များရရှိရေးအတွက် သုတေသနပြုဖော်ထုတ် စိုက်ပျိုးလျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဝါစိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဝါစိုက်ပျိုးရာခြံကြီးများ ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး လွန်ကျော်ဝါသုတေသနနှင့် မျိုးသန့်ခြံ၊ ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံများမှာ စဉ်ဆက်မပြတ်သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။ ဝါသုတေသန လုပ်ငန်းများ အား လွန်ကျော်ဝါသုတေသနမျိုးသန့်ခြံနှင့် ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံများတွင် ပြည့်စုံ လုံလောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။

ယာသီးနှံများအနေဖြင့် မြန်မာနိုင်ငံရဲ့ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီတဲ့ ပြည်တွင်းပြည်ပမှာ ဈေးကွက်ဝင်တဲ့ သီးနှံမျိုးကောင်းမျိုးသန့်များကို သုတေသနပြုဖော်ထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုးစေ့အဆင့်ဆင့်ပွားများထုတ်လုပ်ပြီး တောင်သူများကို ဖြန့်ဝေလျက်ရှိပါတယ်။ ထို့ကြောင့် ဒေသအတွက် ရေရှည်အကျိုးဖြစ်ထွန်းတဲ့၊ သေချာတဲ့၊ ရေလိုအပ်ချက်နည်းတဲ့ တောင်သူ များအတွက် စီးပွားရေးအရ တွက်ခြေကိုက်တဲ့သီးနှံများဖြစ်တဲ့ နှမ်းသီးနှံအတွက် ဆင်းရတနာ-၃၊ ဆင်းရတနာ-၄၊ ဆင်းရတနာ-၆ မျိုးသန့်များ၊ ပဲစင်းငုံသီးနှံအတွက် ကျွဲခြံရွှေဒင်္ဂါး၊ မုံရွာရွှေဒင်္ဂါး၊ ရေဆင်းပဲစင်းငုံ-၆ မျိုးသန့်များ၊ ပဲတီစိမ်းသီးနှံအတွက် ရေဆင်း-၁၁၊ ရေဆင်း-၁၄ မျိုးသန့်များ၊ မတ်ပဲသီးနှံအတွက် ရေဆင်း-၂၊ ရေဆင်း-၆ မျိုးသန့်များ၊ ကုလားပဲသီးနှံအတွက် ရေဆင်း-၅ နှင့် ရေဆင်း-၆ မျိုးသန့်များ၊ ပဲပုတ်သီးနှံအတွက် ဆင်းပဲပုတ်-၆ နှင့် ဆင်းပဲပုတ်-၁၁ မျိုးသန့်များနှင့် ပဲလွမ်းသီးနှံအတွက် ဆင်းပဲလွမ်းဖြူ-၂ မျိုးသန့်များကို အထွက်တိုးမျိုးသန့်များ ပွားများထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိတဲ့အပြင် နည်းပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မလှိုင်မြို့ မျိုးသန့်စိုက်ပျိုးရေးခြံဟာ ယခင်က လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း လက်အောက်မှာ ဝါသုတေသနလုပ်ငန်းနှင့် မျိုးသန့်ပွားများရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော် လည်းပဲ ယခုအခါတွင် စိုက်ပျိုးရေးဦးစီးဌာနပိုင်ခြံအဖြစ်နဲ့ နှမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲနှင့် ပဲလွန်း

စသည့် ယာသီးနှံများကိုသာ အထွက်တိုးမျိုးသန့်များ ပွားများထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါတယ်။ ဝါသီးနှံအတွက် သုတေသနလုပ်တဲ့ ဝါမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးအတွက် လွန်ကျော်မျိုးသန့်ခြံနှင့် ရွှေတောင်မျိုးသန့်ခြံနဲ့ လုံလောက်စွာရှိတဲ့အတွက် မလှိုင်မြို့ မျိုးသန့်စိုက်ပျိုးရေးခြံကို ဝါသုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိ ပါတယ်။ (သြဘာသံများ)

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ ခရီးသည်တင်မော်တော်ယာဉ်များအား ညပိုင်းတွင် မှောင်ရိပ်ခိုကာ ခဲများဖြင့် ပစ်ပေါက်သည့် ဖြစ်စဉ်များ မကြာခဏ ကြုံတွေ့နေရသဖြင့် လုံခြုံရေးအတွက် သက်ဆိုင်ရာက မည်သို့ ဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာမဲဆန္ဒနယ်မှ ကျွန်တော်ဒေါက်တာ သန်းဝင်းမေးမြန်းလိုတဲ့ မေးခွန်းကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လုံခြုံရေးကိစ္စများ မေးမြန်းမှာ ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမ မိုင်တိုင်အမှတ် ၁၃၂ မိုင်နားနှင့် အချို့သော နေရာများတွင် မော်တော်ယာဉ်များ အထူးသဖြင့် ခရီးသည်တင် Express ကားများအား ညပိုင်းတွင် မှောင်ရိပ်ခိုကာ ခဲများဖြင့် ပစ်ပေါက်သည့်ဖြစ်စဉ်များ ကြုံတွေ့နေရကြောင်း သတင်းများတွင် ကြားသိရှိရပါတယ်။ အဆိုပါ ခဲပေါက်သူများမှာ ခဲပေါက်ပြီးသည်နှင့် ထွက်ပြေးမသွားဘဲ ထိုနေရာတွင် ရပ်စောင့်၍ ကားရပ်သွားလျှင် တစ်ခုခုလုပ်ရန်စောင့်ဆိုင်းနေကြောင်းနှင့် ပစ်ပေါက်ခံရသောကားများမှာ မိမိတို့ကား ဘာဖြစ်လဲဆိုတာကို ရှေ့သို့ ၃၊ ၄ မိုင် မောင်းနှင်ပြီးမှ အောက်သို့ ဆင်းကြည့်ရကြောင်း သတင်းများ ကြားသိရှိရပါတယ်။ မေးခွန်းအနေနဲ့ ကျွန်တော်မေးလိုတာကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများရဲ့ လုံခြုံရေးအတွက် စိုးရိမ်ပါသဖြင့် သက်ဆိုင်ရာက မည်သို့သော လုံခြုံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးထားသည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်

ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်း ရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး အမြန်လမ်းရဲတပ်ဖွဲ့မှူးတစ်ရုံး အမြန်လမ်းရဲစခန်း ၁၄ ခု ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း တစ်လျှောက် ၃၆၆/၃ မိုင်အထိ တာဝန်ယူဆောင်ရွက်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၃၂ အနီးမှာ ခရီးသည်တင်မှန်လုံယာဉ်များကို ညပိုင်းမှာ မှောင်ရိပ်ခိုကာ ခဲများနဲ့ပစ်ပေါက်မှုနဲ့ စပ်လျဉ်းလို့ မေးခွန်းပါဖြစ်စဉ်ကို စိစစ်ခဲ့တဲ့နေရာမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ညနေ ၆ နာရီ အချိန် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းပိုင် ဝန်ထမ်းကြိုပို့ယာဉ်အမှတ် ၃ဂ/၁၈၀၈ က ရန်ကုန်မှ နေပြည်တော်သို့ထွက်ခွာလာစဉ် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင် ၁၃၂ အရောက်မှာ အရက်သောက်စားထားရှိပြီး မူးယစ်နေ တဲ့လူသုံးဦးအနက် တစ်ဦးမှခဲနဲ့ပစ်ပေါက်ခဲ့လို့ ယာဉ်ရဲ့ယာဘက်ဘေးမှန်အနည်းငယ် ကွဲအက်ပျက်စီး သွားခဲ့ကြောင်း ဖြစ်စဉ်အား အရေးယူပေးရန် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နေ့လယ်တစ်နာရီ အချိန်မှာ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်ကျော်မှ တိုင်စာပေးပို့ တိုင်တန်းလာတဲ့အတွက် ဗောဓိကုန်းအမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားပြီး စုံစမ်းဖော်ထုတ်လျက်ရှိပါတယ်။ ဖြစ်စဉ်နဲ့ ပတ်သက်လို့ အခင်းဖြစ်စဉ်က ယာဉ်မောင်းအနေဖြင့် ချက်ချင်းသတင်းပို့ တိုင်တန်းခြင်းမရှိဘဲ အခင်းဖြစ်ပြီး ၂၃ ရက်အကြာမှ လာရောက်တိုင်တန်းခဲ့တဲ့အတွက် တရားခံကို ဖမ်းဆီးရမိရန် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာလည်း ခဲများဖြင့်ပစ်ပေါက်သည့်ဖြစ်စဉ်မှာ အထူးသဖြင့် ခရီးသည်တင် Express ကားများအား အဓိကထား၍ လုပ်ဆောင်နေကြပြီး အဆိုပါလူများမှာ ညပိုင်းတွင် မှောင်ရိပ်ခိုကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ကြခြင်းဖြစ်ပြီး အနည်းဆုံး လူ ၄၊ ၅ ဦးပါရှိပါကြောင်း နေရာခွဲ၍ ကားများအား ခဲနဲ့ပစ်ပေါက်လျက်ရှိကြောင်း အဆိုပါလူများမှာ ခဲပစ်ပေါက်ပြီးသည်နှင့် ထွက်ပြေး မသွားဘဲ ထိုနေရာတွင် ရပ်စောင့်၍ ကားရပ်သွားလျှင် တစ်ခုခုလုပ်ရန် စောင့်ဆိုင်းနေကြောင်းနှင့် ပစ်ပေါက်ခံရသော ယာဉ်များမှာ မိမိယာဉ်ဘာဖြစ်သည်ကို ရှေ့သို့ ၃၊ ၄ မိုင်မောင်းနှင်ပြီးမှ အောက်သို့ ဆင်းကြည့်ရသည့်ကို ကြားသိရကြောင်းဖြင့် ဖော်ပြခဲ့ပါတယ်။ ခဲဖြင့်ပစ်ပေါက်မှုများက မှန်ကန်မှု

ရှိပေမဲ့လည်း ဖြစ်စဉ်များနဲ့ သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက လက်ထောက်အထွေထွေ မန်နေဂျာ ဦးခင်ကျော်နဲ့ ယာဉ်မောင်းဖြစ်သူ ဦးဌေးမြင့်တို့ကို စစ်ဆေးပေါ်ပေါက်ချက်များအရ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေမှုများဆိုတဲ့ အကြောင်းအရာက မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ပေမဲ့လည်း တရားခံဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိပါတယ်။

အမြန်လမ်းရဲတပ်ဖွဲ့အနေနဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမတစ်လျှောက် ယာဉ်များကို ခဲများ၊ လေးခွများဖြင့် ပစ်ခတ်မှုနဲ့ ပတ်သက်လို့ ယာဉ်မောင်းဖြစ်သူက ချက်ချင်း အမြန်လမ်းရဲစခန်းကို တိုင်တန်းခဲ့တဲ့အတွက် တရားခံဖမ်းဆီးရမိပြီး အရေးယူနိုင်ခဲ့တဲ့ ဖြစ်စဉ်များရှိခဲ့ပါတယ်။ အဲဒီဖြစ်စဉ်များကတော့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ၁၁း၃၀ အချိန်က မန္တလေးတိုင်းနယ်မြေအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် ၂၉၄/၆ မှာ အာကာသယာဉ်လိုင်းအမှတ် ၆၀/၅၇၉၅ ကို ခဲနဲ့ပစ်ပေါက်ခံရတဲ့အတွက် ကားဘယ်ဘက်နောက်မှန်တစ်ချပ် ကွဲသွားလို့ ပြစ်မှုကျူးလွန်သူတရားခံ ကြီးအောင်ပါ နှစ်ဦးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က စကားအင်းအမြန်လမ်းရဲစခန်းနယ်မြေမှာ ရွှေမန္တလာခရီးသည်တင်ယာဉ်ကို ဝင်းကို (၂၈) နှစ် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်နေသူမှ အရက်မူးပြီး လက်သီးဆုပ်ခန့်ရှိတဲ့ ခဲနဲ့ ပစ်ပေါက်ခဲ့တဲ့အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၆ အရ အရေးယူပြီး တရားစွဲဆိုတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့က ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၁၃၂/၅ အနီးမှာ နစ်ဆန်းယာဉ်အမှတ် ၃၀/၅၈၃၀ ကို အရက်ပုလင်းဖြင့် ပစ်ပေါက်သူ ဇော်မင်းထိုက် (၂၀) နှစ် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နေသူကို ချက်ချင်းဖမ်းဆီးရမိတဲ့အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉(က) အရ တရားစွဲဆို တင်ပို့ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့က ဘောနတ်ကြီးအမြန်လမ်းရဲစခန်းမှာ Elite ခရီးသည်တင်မှန်လုံယာဉ်ကို နွားကျောင်းရင်း လေးခွနဲ့ ပစ်ခတ်ရာမှန်ကို ထိမှန်ခဲ့တဲ့အတွက် စုံစမ်းရာ အသက်(၁၀)နှစ်အရွယ်ရှိတဲ့ ကလေးငယ်တစ်ဦးကို ဖမ်းဆီးရမိခဲ့တဲ့အတွက် မိဘအုပ်ထိန်းသူများကို ခေါ်ယူကာဆုံးမသတိပေးခဲ့ပြီး ရဲစခန်းမှာ ဝန်ခံကတိလက်မှတ်ရေးထိုးကာ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် မေလ ၁၅ ရက်နေ့ ည ၇ နာရီ ၃၅ မိနစ် အချိန်ခန့်က ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၁၁၃/၅)မှာ နေပြည်တော်ဘက်ကနေ ရန်ကုန်ဘက်ကို မောင်းနှင်လာတဲ့ စူပါရှု(ဖ်)ဗင်ယာဉ်ကို လူငယ်တစ်ဦးမှ ခဲနဲ့ပစ်ပေါက်နေကြောင်း ပြောကြားတဲ့အတွက် သတင်းရလျှင်ရချင်း ဖြူးအမြန်လမ်း

ရဲစခန်းမှ သွားရောက်စစ်ဆေးခဲ့ရာ ကတုံး ခေါ် ထွန်းထွန်းလင်း (၁၅) နှစ် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တွေ့ရှိဖမ်းဆီးခေါ်ဆောင် စစ်ဆေးရာအရက်သေစာသောက်စားပြီး လမ်းကြုံလိုက်ဖို့ ကားကို တားပေမယ့် ရပ်မပေးလို့ ဘီယာဗူးခွံများနဲ့ ပစ်ပေါက်ခဲ့ကြောင်း ယာဉ်ကိုထိမှန်ခြင်း မရှိကြောင်း သိရှိရတဲ့အတွက် ရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး ကလေးသူငယ်ဖြစ်နေတဲ့အပြင် ယာဉ်များကို ထိမှန်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ၎င်း၏အုပ်ထိန်း သူအလုပ်ရှင်နဲ့ အလုပ်သမားခေါင်းဆောင်များကို ခေါ်ယူ၍ နောက်နောင် ထိုသို့မပြုလုပ်ရန် ခံဝန်ကတိပြုလုပ်ထားရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့ ည ၉ နာရီအချိန် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် ၁၈/၃ အနီးမှာ ရန်ကုန်က နေပြည်တော်ဘက်ကို မောင်းနှင်လာတဲ့ ရွှေစင်စကြာခရီးသည်တင်ယာဉ်အမှတ် ၆ဃ/၉၄၁၀ ရဲ့ရှေ့ကို လူနှစ်ဦးစီးနင်းမောင်းနှင်တဲ့ ဆိုင်ကယ်တစ်စီး ဖြတ်မောင်းတာကို တွေ့ရှိရတဲ့အတွက် ယာဉ်ကို အရှိန်လျှော့ပေးစဉ် လမ်းလယ်ကျွန်းဓာတ်တိုင်အောက်မှာ ထိုင်နေတဲ့လူငယ်တစ်ဦးက ခဲနဲ့ ပစ်ပေါက်ခဲ့လို့ ပြူတင်းပေါက်ထိမှန်ကာ ကွဲကြေသွားကြောင်း လှည်းကူးမြို့နယ်၊ အမှတ်(၃) အမြန်လမ်းရဲစခန်းကို ယာဉ်မောင်းက ချက်ချင်းသတင်းပေးပို့ တိုင်တန်းခဲ့တဲ့အတွက် စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နေ့လယ် ၂း၃၀ အချိန် ပြစ်မှုကျူးလွန်သူ သုံးဦးကို ဖမ်းဆီးရမိခဲ့တဲ့အတွက် ထိရောက်တဲ့ ပြစ်ဒဏ်များရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ အမြန်လမ်းမကြီး တစ်လျှောက်မှာရှိတဲ့ အမြန်လမ်းရဲစခန်းများအနေနဲ့ သက်ဆိုင်ရာမိမိနယ်မြေအစမှအဆုံး ခရီးသွား မော်တော်ယာဉ်များ/ပြည်သူများကို ခဲများ/လေးခွများနဲ့ ပစ်ပေါက်ခံရမှုမရှိစေရေးအတွက် မိမိလက်အောက် ရဲကင်းများမှာရှိတဲ့ တပ်ဖွဲ့ဝင်များနဲ့ပူးပေါင်းပြီး တပ်ဖွဲ့များမှ ထုတ်ပေးထားတဲ့ မော်တော်ယာဉ်များ/ဆိုင်ကယ်များကို အသုံးပြုကာ ကင်းပုန်းဝပ်ခြင်း၊ လှည့်ကင်းဆောင်ရွက်ခြင်းများ၊ လုံခြုံရေးဆောင်ရွက်ပြီး လမ်းကြောင်းတစ်လျှောက် မှောင်ရိပ်ခိုသူများ၊ မူးယစ်ပြီး လမ်းပေါ်သွားလာနေသူများ၊ အခြေအနေမဲ့များကို စိစစ်အရေးယူလျက် ရှိပါတယ်။ ဒါ့အပြင် အမြန်လမ်းရဲစခန်းမှူးများမှ ကျေးရွာ ၉၃ ရွာမှ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းများကို ၂၇၃ ကြိမ် ကွင်းဆင်းပြီး စည်းရုံးရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အမြန်လမ်းမကြီးပေါ်မှာ သွားလာလျက်ရှိတဲ့ ယာဉ်များကို ခဲ/လောက်လေးခွအစရှိသည်များနဲ့ ပစ်ပေါက်မှုမရှိစေရေးအတွက် မှာကြားအသိပေးဆောင်ရွက်လျက်ရှိတဲ့အပြင် ဖော်ထုတ်ဖမ်းဆီးရမိပါကလည်း ကြီးလေးတဲ့ပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည်ကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက် လျက်ရှိပါတယ်။ အမြန်လမ်းမကြီးပေါ်မှာ ဖြတ်သန်းသွားလာတဲ့ယာဉ်များ လုံခြုံရေးအကူအညီတောင်းခံလိုပါက အနီးဆုံးဆက်သွယ်ရမဲ့

ရဲစခန်း၊ ရဲကင်းများရဲ့ ဖုန်းနံပါတ်များပါရှိတဲ့ ၄ x ၃ ပေ ဗီနိုင်းများကို မိုင်တိုင် ၇၅/၀ နဲ့ ၈၂/၅ တို့မှာ တစ်ခုစီ စိုက်ထူထားရှိပြီးဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို အသုံးပြု သွားလာလျက်ရှိတဲ့ မော်တော်ယာဉ်တွေအနေနဲ့ မိမိရဲ့ယာဉ်ကို ခဲ/လေးခွများဖြင့် ပစ်ပေါက်ခြင်း ခံရပါက တာဝန်ရှိသူယာဉ်မောင်းများမှ နီးစပ်ရာ ရဲစခန်း/ရဲကင်းများကို ချက်ချင်းသတင်းပေးပို့ တိုင်တန်းဖို့ လိုအပ်တယ်။ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင် ရွက်ခြင်း၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက် ခြင်း၊ ယာဉ်တိမ်းမှောက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိ သူများနဲ့ ပျက်စီးဆုံးရှုံးမှုများအတွက် နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ ပို့ဆောင်ပေးခြင်း၊ လမ်းပေါ်မှာ ပိတ်ဆို့နေတဲ့ ယာဉ်များကို အမြန်ဆုံးရွှေ့ပြောင်း ပို့ဆောင်ပေးခြင်း၊ ယာဉ်ချို့ယွင်းပျက်စီးမှုရှိပါကလည်း ကူညီလုပ်ဆောင်ပေးခြင်း စသည်ဖြင့် ခရီးသွား ပြည်သူများရဲ့ လုံခြုံရေးနဲ့ အသက်အန္တရာယ်မဖြစ် စေရေးဆောင်ရွက်မှုများအပြင် မည်သည့် အခက်အခဲ လိုအပ်ချက်များကိုမဆို နေ့စဉ် ၂၄ နာရီ မပြတ်အကူအညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အမြန်လမ်းမကြီးတစ်လျှောက်မှာနေတဲ့ ကျေးရွာများမှာ နေထိုင်ကြတဲ့သူများက ယာဉ်များကို ခဲပေါက်မှုဖြစ်ပွားရခြင်းကတော့ တောသဘာဝအရ ကျွဲ၊ နွားများ၊ တိရိစ္ဆာန်များနဲ့ ငှက်များပစ်ရာမှာလည်း ဖြတ်သန်းသွားလာတဲ့ယာဉ်များကို မတော်တဆထိမှန်မှုများ ရှိခဲ့ကြတဲ့အတွက် အမြန်လမ်းမကြီးနဲ့ ဆက်စပ်လျက်ရှိတဲ့ မြို့နယ်ရဲတပ်ဖွဲ့များအနေနဲ့ လည်း အမြန်လမ်းအကြီးနဲ့ ဆက်စပ်ကျေးရွာများမှာ မှုခင်းအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်/ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးများနဲ့ လုံခြုံရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းများ ပြုလုပ်ထားရှိတဲ့အပြင် အမြန် လမ်းမကြီးနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ နယ်မြေရဲစခန်း ရဲကင်းများအနေဖြင့် ပညာပေးဆောင်ရွက်မှု များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများအား အရေးယူဆောင် ရွက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခြေခံဥပဒေပုဒ်မ ၃၆၄ အရ ဥပဒေမူကြမ်းရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအားနောင်တွင်ထပ်မံဖြစ်ပွားပါက အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ဥပဒေနှင့်သက်ဆိုင်သော မေးခွန်းအားမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာ နိုင်ငံရေးကိစ္စ အလို့ငှာ ဘာသာသာသနာကိုအလွဲသုံးစားမပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် ဒီဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု ဖော်ပြပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခများအားနောင်တွင် ထပ်မံဖြစ်ပွားပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့အား ကာကွယ်နိုင်စေရေးအလို့ငှာ နောင်တွင်ပဋိပက္ခဖြစ်ပွားမှုများကို ဟန့်တားဆောင်ရွက်နိုင်ရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနက အခြေခံဥပဒေပုဒ်မ ၃၆၄ အရ ဥပဒေမူကြမ်းရေးဆွဲပြီး လွှတ်တော်သို့ တင်ပြအတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်မှုအစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ရေးဆွဲပြီး မည်သည့်အချိန်တွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ယခု မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊

ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အခွင့်အရေး များကမျက်မှောက်ခေတ်မှာ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းလာပြီဖြစ်ပါတယ်။ ပွင့်လင်းမြင်သာလာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ လူမှုရေး၊ ဘာသာရေးမတူကွဲပြားခြားနားမှုကို အကြောင်းပြုပြီး သဘောထားချင်း မတိုက်ဆိုင်သူတွေက မကျေနပ်မှုများ ရှေ့တန်းတင်လာရာမှစပြီး သွေးထိုးလှုံ့ဆော်မှုနဲ့ တိုက်ခိုက်လိုမှုများကြောင့် ဘာသာရေးနဲ့ လူမျိုးရေးကိုအကြောင်းပြုပြီး ပဋိပက္ခများ ဖြစ်ပွားခဲ့ရကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများကို ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နဲ့အညီ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးရေးနဲ့ ဘာသာရေးပဋိပက္ခများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၃၊ ၁၄၃၊ ၁၄၄ နှင့် ၁၉၆ တို့နဲ့အညီ ကျင့်သုံးပြီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေး/ဘာသာရေးကို အခြေခံပြီး ဥပဒေနဲ့ဆန့်ကျင်တဲ့ ပဋိပက္ခဖြစ်စဉ်များဟာ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီကို ချီတက်ရာမှာ အဟန့်အတား အနှောင့်အယှက်ဖြစ်စေခဲ့ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်မှာ ပြဋ္ဌာန်းထားရှိတဲ့ တည်ဆဲဥပဒေများနဲ့အညီ ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေဖို့အတွက် တရားဥပဒေစိုးမိုးရေးမှာ အဓိကတာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုပ်ငန်းအစီအမံ/စီမံချက်များ ရေးဆွဲထားရှိပြီး စနစ်တကျ ထိန်းသိမ်းတားဆီး အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လတ်တလောဖြစ်ပေါ်နေတဲ့ ဆူပူအကြမ်းဖက်ဖျက်ဆီးမှု အခြေအနေများကို ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတော် သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၃) နဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာပါဝင်တဲ့ လူမျိုး၊ ဘာသာရေး အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေး ထိထိရောက်ရောက်ကာကွယ်နိုင်ရန် ဆိုတဲ့ လုပ်ငန်းသဘာဝအရ အဆိုပါကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ လူမျိုးရေး/ဘာသာရေးပဋိပက္ခများ၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများမှာ ပါဝင်သူများကို အရေးယူဆောင်ရွက်နိုင်ဖို့ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အမိကရုဏ်းနှိမ်နင်းရေးလက်စွဲ၊ ရဲအက်ဥပဒေတို့အပြင် ၂၀၁၂ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်ခုတွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၀ အရ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်ကြောင်းကိုလည်းကောင်း၊ အဆိုပါနေရာဒေသတွင် ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က) အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်ကြောင်းကိုလည်းကောင်း၊ ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်ကြောင်းကိုသော်လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ တည်ဆဲဥပဒေများနဲ့လုံလောက်မှုရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤအဖွဲ့အစည်း အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည် လို့ဖော်ပြထားတဲ့ အတွက်ကြောင့် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းပါက လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများ၊ အခြားတည်ဆဲဥပဒေများနဲ့ ရောထွေးသွားနိုင်တဲ့အပြင် ကိုင်တွယ်

ကျင့်သုံးလျက်ရှိတဲ့ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် လိုက်နာဆောင်ရွက်ရမည့် ပြည်သူများ အနေဖြင့်လည်း အကြောင်းအရာတစ်ခုတည်းအပေါ်မှာ ဥပဒေရဲ့ အနှစ်သာရများ၊ အယူအဆများ ကွဲလွဲရှုပ်ထွေးမှုဖြစ်ပေါ်လာနိုင်တဲ့အတွက် ဥပဒေအသစ် ပြဋ္ဌာန်းရန်မလိုအပ်သေးပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့ဝင်များ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နီနိုင် ကိုယ်စား ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ကိုယ်စား ကျွန်တော် လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမှ မေးမြန်းပါမယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသတွင် ကိုးကန့်ဒေသ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များခန့်ထားခြင်းဖြင့် ဒေသန္တရလိုအပ်ချက်အရ ဘာသာစကားကျွမ်းကျင်မှု နယ်မြေကို စည်းရုံးဆောင်ရွက်နိုင်ပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို များစွာအကောင်အထည်၊ အထောက်အကူပြုပေးနိုင်မှုတို့တွင် များစွာအရေးပါခြင်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံးလုံခြုံအေးချမ်းမှုကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံ ကိုးကန့်ရဲတပ်ဖွဲ့ဝင်များ စီမံကွပ်ကဲမှုကို အထောက်အကူပြုပေးနိုင်ပါရန် ကိုးကန့်ဒေသ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၂၅၀ ဦးအား ၎င်းတို့၏ ဒေသနှင့်ကိုက်ညီသင့်လျော်သည့် အရည်အချင်း လုပ်သက်များ အရ ထိုက်သင့်သည့်ရာထူးများ ထပ်မံတိုးမြှင့်ခန့်အပ်ပေးနိုင်ပါရန် လိုအပ်၍ ကိုးကန့်ဒေသခံရဲ ၂၅၀ ဦးရှိရာ ၅၀ ဦးကို ဒုရဲအုပ် ၁ ဦးခန့်ထားပေးမှသာလျှင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုကိစ္စရပ် များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်နိုင်မည်ဖြစ်ပါ၍ ခန့်ထားပေးနိုင်မှုရှိ/မရှိကို သိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

[ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ပြည်ထောင်စုဝန်ကြီးပြည်ထဲရေးဝန်ကြီးဌာန)။** ။ ရှမ်းပြည်နယ်၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ခန့်ထားခြင်းအတွက် ဒေသအတွက် များစွာအထောက် အကူပြုပေးနိုင်ဖို့ ဒေသလုံခြုံမှုကို ပိုပိုပြင်ပြင်ဆောင်ရွက်နိုင်ဖို့နှင့် ဒေသခံကိုးကန့်ရဲတပ်ဖွဲ့ဝင်များ စီမံကွပ်ကဲမှု အထောက်အကူပြုပေးနိုင်ရန် ဒေသခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၅၀ ဦးကို သူတို့ရဲ့ အရည်အချင်းလုပ်သက်များအရ ထိုက်သင့်တဲ့ရာထူးများကို ထပ်မံတိုးမြှင့် ခန့်ထားပေးလျက်ရှိပါ တယ်။ ကိုးကန့်ဒေသမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင် ရဲတပ်သား ၂၅၀ ဦးအနက် အစိုးရအတန်းကျောင်း ၄ တန်း နှင့်အထက်ရှိသူ ၁၂ ဦးကို ရဲဒုတပ်ကြပ်အဆင့် တိုးမြှင့်ခန့်ထားပေးခဲ့ပြီးဖြစ်ပါတယ်။ ကိုးကန့်ဒေသခံ ရဲတပ်ဖွဲ့ဝင် ၂၅၀ ဦးရှိရာ ၅၀ ဦးကို ဒုရဲအုပ် ၁ ဦးခန့်ထားပေးနိုင်မှုရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းလို့ ဒုရဲအုပ်လောင်းများ ရွေးချယ်ခန့်ထားရေးအတွက် မြန်မာရဲတပ်ဖွဲ့ရဲလက်စွဲ ပထမတွဲ အပိုဒ် ၉၁ အပိုဒ်ခွဲ(ခ) တပ်တွင်းဝန်ထမ်းများနှင့်အပိုဒ်ခွဲ (ဂ) အခြေခံပညာအထက်တန်း(ခ)နှင့်အထက် အောင်မြင်သူများအတွက် ပြဋ္ဌာန်းထားရာမှာ တပ်ဖွဲ့ဝင်ဘွဲ့ရအမျိုးသား အမျိုးသမီးများအနေနဲ့ သတ်မှတ်သောနေ့မှာ အသက် ၄၀ နှစ်ထက်မကြီးရ။ အမျိုးသားအရပ် ၅ ပေ ၂ လက်မ၊ ရင်အုပ် နဂိုအနေ ၃၂ လက်မ နှင့် ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။ အမျိုးသမီး အရပ် ၅ ပေ၊ ကိုယ်အလေးချိန် ၉၅ ပေါင်ရှိရမည်။ ဆေးအဆင့်(က) ရှိရမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံ ရဲတပ်သားသစ်သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။ မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထား ရန်မလိုလို့ ဖော်ပြထားပြီးတော့ အခြေခံပညာအထက်တန်း(ခ)နှင့် အထက်အောင်မြင်သူများ တပ်ဖွဲ့ဝင်အမျိုးသား အမျိုးသမီးများအတွက် သတ်မှတ်သောနေ့မှာ အသက် ၄၀ နှစ်ထက်မကြီးရ။ သတ်မှတ်ထားသော နေ့မှာ လုပ်သက် ၅ နှစ် ပြည့်ရမည်။ အမျိုးသား အရပ် ၅ ပေ ၂ လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် ၁၁၀ ပေါင်ရှိရမည်။ အမျိုးသမီး အရပ် ၅ ပေ၊ ကိုယ်အလေးချိန် ၉၅ ပေါင်ရှိရမည်။ ဆေးအဆင့် (က)ရှိရမည်။ အခြေခံရဲတပ်သားသစ် သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုလို့သတ်မှတ်ခဲ့ပါ တယ်။ အဲ့ဒီလို သတ်မှတ်အရည်အချင်းပြည့်မီပြီးပါကလည်း ဒုရဲအုပ်လောင်းစစ်ဆေးရေးအဖွဲ့သို့ ဝင်ရောက်ဖြေဆို အောင်မြင်မှသာလျှင် ဒုရဲအုပ်လောင်းသင်တန်းသို့ ၁ နှစ်တက်ရောက်ရမှာ ဖြစ်ပါ

တယ်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်အရ ဘွဲ့ရများကိုသာ ဒုရဲအုပ်လောင်းသင်တန်းများသို့ ဦးစားပေးရွေးချယ်တက်ရောက်စေလျက်ရှိပါတယ်။ ကိုးကန့်ဒေသခံရဲတပ်ဖွဲ့ဝင်များရဲ့ ပညာအရည်အချင်းကိုစိစစ်ရာ အစိုးရ အထက်တန်းကျောင်း၊ ဘွဲ့ရသူများမပါရှိခြင်း၊ ၎င်းတပ်ဖွဲ့ဝင်များမှ သတ်မှတ် လုပ်သက် ၅ နှစ်မပြည့် ခြင်းတို့ကို စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ဒေသခံမြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား အရည်အချင်းအလိုက် ရာထူးခန့်ထားရေးကိစ္စနှင့် ပတ်သက်လို့ သတ်မှတ်ပြဋ္ဌာန်းချက်များအရ ဒုရဲအုပ်ခန့်ထားနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၂း၄၅**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဥပဒေကြမ်းတစ်ခုပေးပို့ထား

ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ (ခ) အရ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းနိုင်ဖို့ ဦးစိုးနိုင်အားဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော်ပြည်သူ့လွှတ်တော်မှာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း တင်သွင်းတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ ဦးစွာ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တင်သွင်းတဲ့ ဥပဒေကြမ်းရဲ့ အမည်ကတောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားတွေ ကြုံတွေ့နေရတဲ့ လိုအပ်ချက်များစွာရှိပါတယ်။ အဲ့ဒီလိုအပ်ချက်များစွာအနက်ကနေပြီးတော့ အဓိကကျတဲ့ကိစ္စရပ်အချို့ကို ဝိုင်းဝန်းကူညီပေးနိုင်ဖို့အတွက် ဒီရည်ရွယ်ချက်နဲ့ ယခုဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများနဲ့ ၎င်းတို့ရဲ့မိသားစုများဟာ တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ နောက် မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်မှုဟာလည်းပဲ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍအပေါ်မှာအဓိက တည်ရှိနေတာကိုလည်းပဲ တွေ့ရှိရပါတယ်။ အခု ကျွန်တော်တို့ တောင်သူလယ်သမားအများစု တောင်သူလယ်သမားလို့တင်ပြလိုက်တာနဲ့ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်သူရော၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သူရော အားလုံးအကျုံးဝင်ပါတယ်။ ဒီတောင်သူလယ်သမားအများစုအနေနဲ့ လိုအပ်ချက်တွေများစွာ ကြုံတွေ့နေရတဲ့ အချက်ပေါင်းများစွာထဲက အဓိကကျတဲ့ ကိစ္စရပ်တွေဖြစ်တဲ့ လုပ်ငန်းလုပ်ဖို့လိုအပ်တဲ့ ငွေကြေးအတွက် ချေးငွေကိစ္စ၊ နည်းပညာပံ့ပိုးကူညီတဲ့ကိစ္စ၊ လိုအပ်တဲ့သွင်းအားစုတွေရရှိရေးကိစ္စ၊ မိမိဒေသနယ်မြေနှင့်ကိုက်ညီတဲ့ စိုက်ပျိုးသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်မယ့်ကိစ္စ၊ ထွက်ရှိလာတဲ့ ဒီထုတ်ကုန်ပစ္စည်းတွေ အတွက်သင့်တင့်မျှတတဲ့ဈေးရရှိဖို့ကိစ္စ အဲ့ဒီလိုကိစ္စရပ်တွေကို ကျွန်တော်တို့ အမြန်ဆုံးဝိုင်းဝန်း ကူညီဆောင်ရွက်

ပေးနိုင်ဖို့အတွက် ယခုဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း ကျွန်တော်ထပ်မံရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာရှိတဲ့ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီးတော့ လွှတ်တော်ထဲမှာလည်းပဲ ကျွန်တော်တို့ ဥပဒေတွေပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဥပဒေက ၂၀၁၂ ခုနှစ်အတွင်းမှာကျွန်တော်တို့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဲ့ဒီမှာကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာထုတ်ပြန်ခဲ့တဲ့ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းတဲ့နေ့မှာပဲ ကျွန်တော်တို့ယခင်ဥပဒေ ၃ ခုကို ရုပ်သိမ်းခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အဲ့ဒီဥပဒေ ၃ ခုကတော့ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ နောက် ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေများ ရုပ်သိမ်းပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။ အဲ့ဒီတော့အခု ကျွန်တော်တင်သွင်းရေးဆွဲတဲ့ ဒီတောင်သူလယ်သမားများအကျိုးစီးပွားကာကွယ်တဲ့ဥပဒေက တောင်သူလယ်သမားတွေအကျိုးဖြစ်ထွန်းစေနိုင်တဲ့ကိစ္စရပ် များစွာအနက်ကနေပြီးတော့ အမြန်ဆုံးရရှိခံစား နိုင်မယ့် အကျိုးရှိစေတဲ့ အချက်တွေကိုဦးစားပေး ဖော်ပြပြီးတော့ ရေးဆွဲတင်ပြထားခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားအားလုံးရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေး Right အဲဒီအတွက် ပြည့်စုံအောင်ရေးဆွဲပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ ကျွန်တော် ယခုတင်သွင်းတဲ့ဥပဒေကြမ်းပါအချက်တွေ နောက် ၂၀၁၂ ခုနှစ်တုန်းက ပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဥပဒေ အဲဒီမှာပါရှိပြီး အချက်များအပြင်မှာ မြေယာနှင့်ပတ်သက်ပြီးတော့ အခြားကျန်ရှိနေတဲ့ အချက်အလက်ပေါင်းများစွာကို ထပ်မံပြီးတော့ ဥပဒေပြဋ္ဌာန်းဆွေးနွေးဖို့ လိုကောင်းလိုမယ်လို့ ကျွန်တော်ရဲ့ ထင်မြင်ချက်ကိုလည်းပဲ တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့ အခု အထက်ပါရှင်းလင်းချက်များကို တင်ပြခြင်း၊ ရှင်းလင်းတင်ပြခြင်းအားဖြင့် အခုတင်ပြတဲ့ ဒီတောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းဟာ တောင်သူလယ်သမားများအနေနဲ့ လိုအပ်ချက်များစွာအနက်ကနေပြီးတော့ အဓိကကျတဲ့အချက်များကို အမြန်ဆုံးရရှိခံစားနိုင်ပြီးတော့ တောင်သူလယ်သမားများရဲ့အကျိုးစီးပွားကို မြှင့်တင်ပေးရန်ဖြစ်ပါကြောင်း ထပ်မံပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်အတွင်း ဆွေးနွေးနိုင်ကြပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးနိုင်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများနှင့် ၎င်းတို့နှင့်ဆက်သွယ်နေတဲ့ မိသားစုတွေရဲ့ဘဝဟာ လက်ရှိ အခြေအနေမှာ အခက်အခဲပေါင်းမြောက်မြားစွာနှင့် ရင်ဆိုင်နေကြရပြီး အားလုံးကြားသိပြီး ဖြစ်ပါ တယ်။ ၎င်းတို့ရဲ့ဘဝကိုမြှင့်တင်ပေးနိုင်မယ့် အစီအမံများကို နှစ်ပေါင်းများစွာက ဆောင်ရွက် ပေးနေကြသော်လည်း ယနေ့အထိ တိုးတက်မှုမရှိသေးတာကိုလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အပြီးမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ ဦးဆောင်ပြီး တောင်သူလယ်သမားများရဲ့ ယနေ့အခက်အခဲပေါင်းမြောက်မြားစွာကို ကျော်လွှားနိုင်မယ့် အစီအမံတွေ အစည်းအဝေးတွေကျင်းပရာမှာ ရန်ကုန်မြို့ သံလွင်လမ်းမှာရှိတဲ့ လွှတ်တော်ရုံးခွဲမှာ တောင်သူလယ်သမားများ ဘဝမြှင့်တင်ရေး အစည်းအဝေးတွေကျင်းပတဲ့ အခါမှာ ဥက္ကဋ္ဌကြီးရဲ့ မိန့်ကြားထားတဲ့အချက်ထဲမှာ ယနေ့ကြုံတွေ့နေရတဲ့ လယ်သမားများ ရရှိရထိုက်တဲ့ အခွင့်အရေး မြောက်မြားစွာထဲကမှ လုပ်ပေးသင့်တဲ့ဟာတွေနဲ့ ချက်ချင်းလက်ငင်း အကျိုးဖြစ်စေမယ့် လုပ်ငန်း တွေကို ဆောင်ရွက်ပေးနိုင်ဖို့ ဥပဒေတစ်ရပ်လိုပါတယ်လို့ ကြားသိရပါတယ်။ ဒီ့အပြင် ဒီလိုလယ်သမား အကျိုးဆောင်ရွက်ပေးနေမယ့် အမြန်ဆုံးအကောင်အထည်ဖော်မယ့် ဥပဒေတွေကိုလည်း ဆောင်ရွက် ပေးနေပြီဖြစ်ကြောင်း ဂျာနယ်တွေမှာလည်း ဖတ်ရှုရတဲ့အတွက် ဒေသမှာရှိတဲ့ လယ်သမားများက အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတယ်ဆိုတဲ့အကြောင်းလည်း တင်ပြလိုပါတယ်။ ယနေ့ပြန်လည် ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ တောင်သူလယ်သမားများရဲ့ မျှော်လင့်အားကိုး စောင့်စားနေတဲ့ တောင်သူလယ်သမားများရဲ့ အကျိုး စီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို လွှတ်တော်မှ လက်ခံဆွေး နွေးပေးနိုင်ရန် အဆိုတင်သွင်းပြီး အဆိုရဲ့ ရည်ရွယ်ချက်မှာလည်း တောင်သူလယ်သမားရဲ့ ကြုံတွေ့နေတဲ့အခက်အခဲပေါင်းမြောက်မြားစွာထဲကမှ အဓိကကျတဲ့ နှစ်တို၊ နှစ်ရှည်ချေးငွေ နည်းပညာဖွံ့ဖြိုးမှု ဥပဒေနှင့်အညီ မိမိနှစ်သက်သည့် သီးနှံစိုက်ပျိုးခွင့် သီးနှံဈေးအာမခံရရှိရေးနှင့် သဘာဝဘေး၊ ကပ်ဘေးကြောင့်ဆုံးရှုံးမှုဖြစ်သွားတဲ့

တောင်သူလယ်သမားများရဲ့ သွင်းအားစုများ အမြန်ကူညီပေးနိုင်မှု၊ ဆည်မြောင်းကန်ချောင်းတွေ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးနိုင်မှုနှင့် သီးနှံဈေးကျဆင်းပြီး အရှုံးပေါ်နေတဲ့ တောင်သူလယ်သမားများကို နိုင်ငံတော်မှ ကာကွယ်ပေးနိုင်မယ့် အကြောင်းအရာများကိုလည်း ထည့်သွင်းတင်ပြထားတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် တောင်သူလယ်သမားများအတွက် များစွာအကျိုးဖြစ်ပြီး အမြန်ဆုံးဖော်ဆောင်ပေးနိုင်တဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်အဆိုတင်သွင်းသွားတဲ့ တောင်သူလယ်သမားများ၏ အကျိုး စီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အဆိုပါဥပဒေကြမ်းကို ထောက်ခံဆွေးနွေးမှုမပြုဖို့အတွက် ကန့်ကွက်လိုသူရှိပါသလား။ ကန့်ကွက်လိုသူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ဦးစိုးနိုင်တင်သွင်းတဲ့ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ကတင်သွင်းသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်း စီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံး အဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၄-၃-၂၀၁၃ ရက်နေ့တွင် ရရှိကြောင်း အသိပေးခြင်းနဲ့ (၃၀) ရက်မြောက်နေ့ ၂၂-၃-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတင်သွင်းသော မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းကို ပထမအကြိမ်

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ၄-၃-၂၀၁၃ ရက်နေ့တွင် ရရှိကြောင်းအသိပေးခြင်းနှင့် (၃၀) ရက်မြောက်နေ့ ၂၂-၃-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ၊ အပိုဒ်၊ အပိုဒ်ခွဲ များနှင့်ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းအတည်ပြုနိုင်ရေးတင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနှင့်ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီးလွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ (ဃ)အရ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၀၃ ချက်ရှိတဲ့အနက်မှ ဥပဒေကြမ်းကော်မတီကပြင်ဆင်ချက် ၉၇ ချက်အား ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ (ဃ)အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၄-၃-၂၀၁၃ ရက်နေ့တွင် အသိပေးတင်ပြခဲ့ပြီးပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ၂၂-၃-၂၀၁၃ ရက်နေ့မှာ ဖြန့်ဝေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးမှ ပြင်ဆင်ချက်အဆိုများကို ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ ၃၁-၅-၂၀၁၃ ရက်နေ့အထိ နောက်ဆုံးတင်သွင်း နိုင်ကြောင်း အသိပေးညွှန်ကြားခဲ့ပါတယ်။ ယင်းအချက်အရ ဦးကြည်မြင့်၊ လသာ တစ်ဦးတည်းသာပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စု

အစိုးရအဖွဲ့မှပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းအား ၂၁-၆-၂၀၁၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများနဲ့တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။ ထိုသို့ညှိနှိုင်းချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ၉၇ ချက်အပေါ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရန်ညှိနှိုင်းခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ပြင်ဆင်ချက်များကို လွှတ်တော်၏အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေးသည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းတွင် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်အဆိုပြုချက် ၉၇ ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

အခန်း(၁) စာမျက်နှာ ၁ မှ ၂ အထိ၊ အမှတ်စဥ် ၁ မှ ၈ အထိရှိတဲ့ ပုဒ်မ ၁၊ ပုဒ်မ ၃(ဃ)(ဇ)(ဈ)(ည)၊ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၃ (ဋ)(ဒ)(န)၊

အခန်း(၃) စာမျက်နှာ ၃ နှင့် ၄၊ အမှတ်စဥ် ၁၀ မှ ၁၃ အထိရှိတဲ့ ပုဒ်မ ၅ ပုဒ်မခွဲငယ်(ဂ)(ဆ)(ဇ)၊ ပုဒ်မ ၇

အခန်း(၄) စာမျက်နှာ ၄ နှင့် စာမျက်နှာ ၇ တွင်ရှိသော အမှတ်စဥ် ၁၅ မှ ၂၃ အထိဖြစ်သည့် ပုဒ်မ ၈ ပုဒ်မခွဲငယ်(ဂ)၊ ပုဒ်မ ၁၀(က)(ဂ)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀

အခန်း(၅) စာမျက်နှာ ၈ မှ စာမျက်နှာ ၁၀ အထိ၊ အမှတ်စဥ် ၂၅ မှ ၃၆ အထိဖြစ်သည့် အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂၁ (ခ)၊ ၂၁(ဂ)၊ ၂၂(ခ)(ဃ)(င)၊ ပုဒ်မ ၂၃(ဈ)(ည)(ဍ)(ပ)(ထ)

အခန်း(၆) စာမျက်နှာ ၁၁ မှ စာမျက်နှာ ၁၂ အထိ၊ အမှတ်စဥ် ၃၈ မှ ၄၃ ဖြစ်သည့် ပုဒ်မ ၂၄ (ခ)(ဂ)၊ ပုဒ်မ ၂၅ (က)(ခ)(ဂ)(ဆ)

အခန်း(၇) စာမျက်နှာ ၁၂ မှ စာမျက်နှာ ၁၅ အထိ၊ အမှတ်စဥ် ၄၅ မှ ၆၁ ပုဒ်မများဖြစ်သည့် ပုဒ်မ ၂၆ (ခ)(ဂ)(ဃ)(င)၊ ပုဒ်မ ၂၇ ၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)(ခ)(ဃ)(ဆ)(ဈ)(ဋ)(ပ)(ဏ)(တ)(ထ)၊ အသစ်ဖြည့်စွက်ချက်ပုဒ်မ ၂၈ (န)

အခန်း(၈) စာမျက်နှာ ၁၅ မှ စာမျက်နှာ ၁၆ အထိရှိသော အမှတ်စဥ် ၆၂ မှ ၆၇ ပုဒ်မများဖြစ်သည့် ပုဒ်မ ၂၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၂ ပုဒ်မခွဲ(က)နှင့် (ခ)၊ ပုဒ်မ ၃၄ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၇

အခန်း(၉) စာမျက်နှာ ၁၇ မှ စာမျက်နှာ ၁၉ အထိရှိသော အမှတ်စဉ် ၆၉ မှ ၇၃ အထိဖြစ်သည့် ပုဒ်မများဖြစ်သည့် ပုဒ်မ ၃၉ ပုဒ်မခွဲ(ခ)(ဃ)(င)၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂

အခန်း(၁၀) စာမျက်နှာ ၁၉ မှ စာမျက်နှာ ၂၁ ဖြစ်သည့် အမှတ်စဉ် ၇၄ မှ ၈၁ အထိဖြစ်သော ပုဒ်မ ၄၄ ပုဒ်မခွဲ(ခ)(ဂ)၊ ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)(ဂ)(ဃ)၊ ပုဒ်မ ၅၀ နှင့် ပုဒ်မ ၅၂

အခန်း(၁၂) စာမျက်နှာ ၂၁ အမှတ်စဉ် ၈၂ ဖြစ်သော ပုဒ်မ ၅၆

အခန်း(၁၄) စာမျက်နှာ ၂၁ မှ စာမျက်နှာ ၂၂ ရှိ အမှတ်စဉ် ၈၃ မှ ၈၅ ဖြစ်သည့် ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၆

အခန်း(၁၅) စာမျက်နှာ ၂၂ ရှိ အမှတ်စဉ် ၈၆ ဖြစ်သော ပုဒ်မ ၆၉(က)

အခန်း(၁၆) စာမျက်နှာ ၂၂ မှ စာမျက်နှာ ၂၄ အထိဖြစ်သော အမှတ်စဉ် ၈၇ မှ ၉၆၊ ပုဒ်မ ၇၀ ပုဒ်မခွဲ(ဂ)(ဃ)၊ ပုဒ်မ ၇၁၊ ပုဒ်မ ၇၂၊ ပုဒ်မ ၇၃၊ ပုဒ်မ ၇၄၊ ပုဒ်မ ၇၅၊ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၇၊ ပုဒ်မ ၇၈

အခန်း(၁၇) စာမျက်နှာ ၂၅ ၌ရှိသော အမှတ်စဉ် ၉၇ မှ ၉၈ ပုဒ်မ ၇၉၊ ပုဒ်မ ၈၀(င)

အခန်း(၁၈) စာမျက်နှာ ၂၅ မှ စာမျက်နှာ ၂၆ တွင်ပါရှိသော အမှတ်စဉ် ၉၉ မှ ၁၀၃ ဖြစ်သည့် ပုဒ်မ ၈၈၊ ပုဒ်မ ၉၂၊ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၉၃၊ ပုဒ်မ ၉၄၊ ပုဒ်မ ၉၅(ခ)

စုစုပေါင်း ၉၇ ချက်ရှိပါတယ်။ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ၉၇ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းတွေကို လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားတဲ့နေရာမှာ အခု ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် ၉၇ ခုပေါ်ထွက်ပါတယ်။ အလားတူ ဦးကြည်မြင့်၊ လသာက ပြင်ဆင်ချက်အဆို ၆ ခုရှိပါတယ်။ ဒီ ၆ ခုကတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့သူက သီးခြားထပ်မံတင်ပြပါ့မယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်သွင်းတဲ့အဆိုတင်ပြချက်အပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့သဘောထားသိလိုပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားတဲ့အချက်တွေအားလုံးကို လက်မခံနိုင်စရာအကြောင်းမရှိပါဘူးခင်ဗျား။ အားလုံး ဒါ သင့်တင့်မျှတပါတယ်။ ဦးကြည်မြင့်တင်ထားတဲ့အချက်နှင့်ပတ်သက်လို့ကတော့

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဦးဆက်အောင် ဒီအပိုင်းကိုဖြတ်လိုက်ပါ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါသလား။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူပါတယ်။ ကျန်တာ ပြီးတော့မှဆက်ပြီးဆွေးနွေးပါ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင် တင်ပြချက် ၉၇ ချက်အား အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်က ပြင်ဆင်ချက် ၆ ချက်အား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခု စတင်ဆောင်ရွက်ပါမယ်။ ဒါကြောင့် ဦးကြည်မြင့်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့၊ ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ ကျွန်တော်က လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တစ်သီးပုဂ္ဂလအမတ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေကြမ်းကိုလေ့လာပြီးတော့ အပိုဒ် တစ်ပိုဒ်ချင်းအလိုက် ပြင်ဆင်ဖြည့်စွက်ရန်ကြောင်းကျိုးဖော်ပြချက်နှင့်တကွ တင်ပြထားခဲ့တာဖြစ် ပါတယ်။ ဌာနဆိုင်ရာအနေနဲ့က ကျွန်တော့်ရဲ့ ကြောင်းကျိုးဖော်ပြချက်ကိုတွေ့ဆုံညှိနှိုင်းဖို့ကိစ္စမျိုး တစ်ဆင့်တစ်ဆင့်စီစဉ်ခဲ့ပေမယ့်လို့ ကျွန်တော် အရောက်နောက်ကျတာလည်းပါပါလိမ့်မယ်။ လွှတ်တော်မှာပဲ ကျွန်တော့်အနေနဲ့ အချက်ကလည်း ၆ ချက်ပဲရှိတဲ့အတွက်ကြောင့် တစ်ခုချင်းကို ပြန်လည်ပြီးတော့ ကြောင်းကျိုးဖော်ပြဆွေးနွေးပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်ခင်ဗျား။ ကျွန်တော်တို့စာရွက်ထဲမှာတော့ ကန့်လန့်ဖြတ်ဇယားမှာ တော့ စာမျက်နှာ ၃ အမှတ်စဉ် ၉ ဒီအပိုင်းကိုစတင်ပြီးတော့ဆွေးနွေးပေးပါ။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၉ ။ ဒီမှာ ကျွန်တော်က အသစ် ဖြည့်စွက်ချက်လေးတစ်ခုပေးထားပါတယ်။ ပုဒ်မ ၃ (ပ) ဖြစ်သွားပါမယ်။ ဘောဂဗေဒပညာရှင်ဆိုသည် မှာ စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ စာရင်းအင်းဗေဒ၊ ဘောဂဗေဒဘွဲ့ရသူကိုဆိုလိုတယ်လို့ ဖြည့်စွက်မှာဖြစ်ပါတယ်။ ဒီလိုဖြည့်စွက်ရခြင်းအကြောင်းအရင်းကတော့ နောက်ပိုင်းမှာပါလာမယ့်

ကိစ္စရပ်များအတွက်ထည့်သွင်းထားခြင်းပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကြောင်းကျိုးဖော်ပြချက်အနေနဲ့ကတော့ ဒီအထူးစီးပွားရေးဇုန်ဥပဒေကြမ်းက စီးပွားရေးပညာရှင်များနဲ့ အများကြီးဆက်ဆံတဲ့ကိစ္စဖြစ်ပါတယ်။ ဒီအတွက်ကြောင့် စီးပွားရေးပညာရှင်တစ်ဦးတော့ အနည်းဆုံးပါဝင်သင့်တယ်လို့ ကျွန်တော်က ထင်မြင်ယူဆတဲ့အတွက်ကြောင့် ထည့်သွင်းဖော်ပြရန်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ လွှတ်တော်ရဲ့သဘောထားကိုတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဦးကြည်မြင့်ရဲ့တင်ပြချက်ကို ဥပဒေကြမ်းကော်မတီက သဘောထားဆွေးနွေးပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ရဲ့တင်ပြချက်ဟာ အခန်း(၅) ပုဒ်မ ၂၁ နှင့် ၂၆ မှာ အသစ်ဖြည့်စွက်ထားတဲ့ ဖြည့်စွက်ချက်အပေါ်မှာ ရှေ့ပိုင်းက Definition မှာလာပြီးတော့ ဖြည့်တဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ပုဒ်မ ၂၁၊ ၂၆ မှာကတော့ ပြင်ပမှသင့်လျော်တဲ့ပုဂ္ဂိုလ်များကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေလျက်ဆိုပြီးတော့ ဖြည့်စွက်ချက်အပေါ်မှာဘောဂဗေဒပညာရှင်ရဲ့ Definition ကို အမှတ်စဉ် ၉ မှာလာရောက်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဖြည့်စွက်တဲ့နေရာမှာ ဘောဂဗေဒပညာရှင်ဆိုသည်မှာ စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ စာရင်းအင်းဗေဒ၊ ဘောဂဗေဒဘွဲ့ရသူကိုဆိုသည်ဆိုပြီးတော့ ဒီစာသားဟာ ဘွဲ့ရတာနဲ့ ပညာရှင်တစ်ဦးဦးလို့အဓိပ္ပာယ်သက်ရောက်နေတဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အသစ်ထပ်မံဖြည့်စွက်ရန် မလိုဘူးလို့သုံးသပ်ရရှိပါတယ်။ အကြောင်းကတော့ အပေါ်မှာပြင်ပမှသင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းခွင့်ရှိထားတဲ့အတွက်ဖြစ်ပါတယ်။ ဒါ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လသာမဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကြည်မြင့် တင်ပြတဲ့အထဲမှာ ဘောဂဗေဒပညာရှင်ထည့်သွင်းချင်တယ်ဆိုတဲ့စေတနာကို ကျွန်တော့်အနေနဲ့ နားလည်မိပါတယ်။ သို့သော် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်လို့ စီးပွားရေးနှင့်ပတ်သက်လို့ ကျွမ်းကျင်မှုရှိတဲ့လူတစ်ဦးဦးထည့်ထားလိုက်လို့ရှိရင် ပိုကောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ထည့်တယ်ဆိုတာကိုလည်း နားလည်ပါတယ်။ သို့သော်လည်း စီးပွားရေးပညာဆိုတာ

အများကြီးကျယ်ပြန့်ပါတယ်ခင်ဗျား။ စီးပွားရေးပညာ SEZ လုပ်မည့်စီးပွားရေးပညာဆိုတာက Economic တစ်ခုတည်းမဟုတ်ဘဲနဲ့ Investment, Business Administration, International Trade, Commerce, Finance, International Development နောက်ပြီးတော့ International Development, Economic စတဲ့ ပညာရပ်ပေါင်းမြောက်မြားစွာ ပါမှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီကသုံးသပ်တဲ့အတိုင်းပဲ ဒီ ဘောဂဗေဒ Economic ဘွဲ့ရတဲ့လူတစ်ဦးထည့်မယ်ဆိုတဲ့ဟာသည် ပညာရှင်ထည့်မယ်ဆိုတဲ့ဥစ္စာနဲ့ယှဉ်လိုက်လို့ရှိရင် ပညာရှင်ထဲမှ ပြင်ပမှ သင့်တော်တဲ့ ပညာရှင်တစ်ဦးဦးကိုထည့်မယ်ဆိုတဲ့အချက်က ပိုပြီးတော့ပြီးပြည့်စုံတယ်လို့ ခန့်မှန်းမိတဲ့အတွက်၊ ယူဆမိတဲ့အတွက် ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက အတည်ပြုတာကိုပဲ လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့သဘောထားဆန္ဒယူပါ့မယ်။ ရှင်းရှင်းနဲ့မြန်မြန်ပြီးသွားအောင် ဦးကြည်မြင့်ရဲ့တင်ပြချက်အဆိုကိုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ဦးကြည်မြင့်ရဲ့တင်ပြချက်အဆိုကိုထောက်ခံတင်ပြတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ထပ်မံအသစ်ဖြည့်စွက်ခြင်းမပြုရန်ဆိုတဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၄ ဦးကြည်မြင့် ဆက်လက်အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၄ အခန်း (၃) အပိုဒ် ၆ မှာ မူလအဆိုပြုပြဋ္ဌာန်းချက်အနေနဲ့က ဗဟိုအဖွဲ့သည်ပုဒ်မ ၅ ပါအခြေခံအချက်များနဲ့ကိုက်ညီမှုမရှိသော်လည်း ဖြစ်နိုင်စွမ်းရှိပြီး နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးရှိမည်ဟုယူဆပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အထူးစီးပွားရေးဇုန်တည်ဆောက်နိုင်သည်လို့ဆိုထားပါတယ်။ အဲ့ဒီမှာ ကျွန်တော့်အနေနဲ့က ဗဟိုအဖွဲ့သည်ပုဒ်မ ၅ ပါ အခြေခံအချက်များအားလုံးနဲ့ ကိုက်ညီမှုမရှိသော်လည်း အခြေခံအချက်အများစုနဲ့ကိုက်ညီသောဆိုတဲ့ စာကြောင်းလေးကို ကျွန်တော်က ဖြည့်ထားပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ အခြေခံအချက်များနဲ့မကိုက်ညီပေမယ်လို့ ဖြစ်နိုင်စွမ်းရှိတယ်ရယ်လို့ယူဆပြီးတော့ လုပ်နိုင်တယ်ဆိုတဲ့သဘောတရားကို ကျွန်တော်က ဒါဆိုရင် ဘာဖြစ်လို့ မူလအခြေခံအချက်တွေကို သတ်မှတ်ဖော်ပြနေသလဲလို့မေးစရာဖြစ်သွားပါတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ မူလအခြေခံအချက်များသတ်မှတ်ပေးထားတာက သင့်တော်ကိုက်ညီတဲ့အချက်များ

ဖြစ်နေတာကို မရှောင်လွှဲသင့်ပဲနဲ့ ဒီအခြေခံအချက်အများစုနဲ့ကိုက်ညီမှသာလျှင် ဖြစ်နိုင်စွမ်းရှိတယ်လို့ ဆုံးဖြတ်စေချင်လို့ ကျွန်တော် ဒီပြင်ဆင်ချက်ကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် အခြေခံအချက် ၆ ချက်သတ်မှတ်တယ်ဆိုပါစို့။ အဲ့ဒီမှာ ၂ ချက်လောက်ကိုက်ညီတာနဲ့ လုံးဝ မကိုက်ညီဘဲနဲ့ ဖြစ်နိုင်စွမ်းရှိတယ်ဆိုပြီးတော့ လိုရာဆွဲပြီးတော့လုပ်သွားနိုင်မည့်သဘောထားကို ကျွန်တော့်အနေနဲ့ ဟန့်တားချင်တဲ့သဘောပါ။ အဲ့ဒီတော့ မူလကအခြေခံအချက်ဆိုတာတွေက လိုအပ်လို့ ခိုင်မာလို့ပြဋ္ဌာန်းထားတဲ့ အခြေခံအချက်တွေဖြစ်တဲ့အတွက်ကြောင့် အခြေခံရမယ်ဆိုတဲ့ အချက် ၆ ချက်ရှိရင် ၅ ချက်လောက်၊ ၄ ချက်လောက် အများစုနဲ့ကိုက်ညီမှသာလျှင် ဖြစ်နိုင်စွမ်းရှိတယ်လို့သတ်မှတ်စေချင်တဲ့စေတနာနဲ့ ကျွန်တော် အခုလိုပြင်ဆင်ချက်တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကို လွှတ်တော်ကဆက်လက်ပြီးတော့ ဆုံးဖြတ်ပေးစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၃) အပိုဒ် ၆ မှာ ဦးကြည်မြင့်၊ လသာက ဖြည့်စွက်ထားတာရှိပါတယ်။ ဦးကြည်မြင့်ရှင်းလင်းတင်ပြသလို အထူးစီးပွားရေးဇုန်တည်ထောင်ခွင့်နှင့်စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့က ဖြစ်နိုင်စွမ်းရှိမယ်ဆိုလို့ရှိရင် ဖြစ်နိုင်စွမ်းရှိပြီးတော့ နိုင်ငံတော်နှင့် အများပြည်သူအကျိုးရှိမယ်ဆိုလို့ရှိရင် အချက်အားလုံးနဲ့မကိုက်ညီသော်လည်း ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ဆောင်ရွက်နိုင်ရန်ဆိုပြီးတော့ပြင်ဆင်ခဲ့ပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာပြင်ဆင်ပါတယ်။ အဲဒီအပေါ်မှာ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်က အခြေခံအချက် အများစုနဲ့ ကိုက်ညီသောဆိုပြီးတော့ ထပ်မံဖြည့်စွက်ပါတယ်။ ထပ်မံဖြည့်စွက်ချက်ဟာ အခြေခံအချက် တစ်ချက်လောက်ကိုက်ညီပြီးတော့ ဖြစ်နိုင်စွမ်းရှိပြီး ဆွဲယူထားမှာစိုးတယ်ဆိုတဲ့ သူ့ရဲ့အမြင်လေး အပေါ်မှာ အခြေခံအချက်အများစုနဲ့ကိုက်ညီသောဆိုပြီးတော့ ထပ်မံဖြည့်စွက်ချက်လို့မြင်ပါတယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုခံယူဖို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အပေါ်ကအပိုဒ်ကတော့ သတ်မှတ်ချက်ကတော့ Condition များကို သတ်မှတ်ပါတယ်။ ဒုတိယ အပိုဒ်အနေနဲ့က ဥပဒေစကားနဲ့ပြောမယ်ဆိုရင် Estate Clause လို့ပြောတဲ့ ဒါမှမဟုတ်လို့ရှိရင်

Loophole ဆိုတဲ့ပုံစံမျိုးလေးနဲ့ထည့်ထားပြီးတော့ Law ကို Rigid မဖြစ်ဘဲနဲ့ Flexible ဖြစ်အောင်လုပ်ထားတဲ့သဘောလေးဖြစ်ပါတယ်ခင်ဗျား။ တကယ်တမ်း ဒီ Condition တွေကိုသတ်မှတ်မယ်ဆိုတာက ဥပဒေတစ်ခုတည်းမှာသတ်မှတ်ရုံနဲ့မလုံလောက်ပါဘူးခင်ဗျား။ သတ်မှတ်မယ်ဆိုလို့ရှိရင်နည်းဥပဒေတွေမှာ Rule and Regulation တွေမှာ အသေးစိတ်ပြန်ပြီးတော့သတ်မှတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဗီယက်နမ်နိုင်ငံကြည့်မယ်ဆိုလို့ရှိရင်လည်း ဗီယက်နမ်နိုင်ငံ Decree 29 2008 က ထုတ်တဲ့ Decree မှာဆိုလို့ရှိရင် နည်းဥပဒေမှာဆိုရင် ဒီအထူးစီးပွားရေးဇုန် Economic Zone တို့ Industrial Zone တို့ကို ဘယ်နေရာတွေမှာ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ထုတ်ရမယ်ဆိုတဲ့ Procedure တွေကို အသေးစိတ်ပြန်ပြီးတော့ရေးထားပါတယ်ခင်ဗျား။ အဲ့လိုပဲ ကျွန်တော်တို့ကလည်း Rule and Regulation မှာ ထပ်မံပြီးတော့ အသေးစိတ်ပြန်ပြီးတော့ရေးထားမှာဖြစ်တဲ့အတွက် ဥပဒေမှာတော့ Rigid ပိုဖြစ်သွားအောင်မလုပ်ဘဲနဲ့ Flexible Clause ထားလိုက်တာပိုပြီးတော့ သင့်တော်မယ်လို့ယူဆပါတယ်ခင်ဗျား။ အဲ့ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ပြောမယ်ဆိုရင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုလက်ခံမယ်လို့ပြောပါရစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုထားတာကိုထောက်ခံတယ်။ မှန်ပါတယ်နော်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ မှန်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့လိုထောက်ခံတဲ့အကြောင်းကတော့ ဒီဥပဒေမှာ ဒီလောက်ပဲပြဋ္ဌာန်းပြီးတော့ ကျန်တဲ့ထွက်ပေါ်လာမယ့်နည်းဥပဒေနှင့် ဆက်စပ်တဲ့ဥပဒေတွေမှာ လိုတဲ့ကိစ္စတွေထပ်မံပြဋ္ဌာန်းရင်ရနိုင်တဲ့အတွက် ထောက်ခံတယ်ဆိုတာမှန်ပါသလား။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ မှန်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ရဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်များမတ်တတ်ရပ်ပေးပါ။ တစ်ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့အဆိုကို ကျန်လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ ဖြစ်ပါတယ်။ အမှတ်စဉ် ၂၄၊ ဦးကြည်မြင့် လသာမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။ လိုအပ်မယ်ဆိုလို့ရှိရင် စာမျက်နှာ ၇ နဲ့ဆက်စပ်ပြီးတော့ ဆွေးနွေးတင်ပြနိုင်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ တတိယအချက်အနေနဲ့ အခန်း(၅) ပုဒ်မ ၂၁ ပုဒ်မခွဲငယ်(က) စာမျက်နှာ ၇၊ အမှတ်စဉ် ၂၄၊ အဲဒီတော့ စောစောက ဘောဂဗေဒပညာရှင်ကိစ္စမှာ သက်ဆိုင်ရာဝန်ကြီးဌာနကပြောတဲ့ထဲမှာ ပြင်ပမှသင့်လျော်သော ပုဂ္ဂိုလ်များကိုဆိုတာက သက်ဆိုင်ရာဝန်ကြီးက ဘောဂဗေဒပညာရှင်ကိစ္စနှင့်ပတ်သက်လို့ စောစောကပြောတဲ့ကိစ္စမှာ စာမျက်နှာ ၇၊ အမှတ်စဉ် ၂၄၊ အခန်း(၅) အပိုဒ် ၂၁(က) မှာ ကြည့်လို့ရှိရင် အထူးစီးပွားရေးဇုန်တည်ထောင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက်လိုပဲ ဆိုထားတာ ရှိပါတယ်။ ဝန်ကြီးဖြေတုန်းက ပြင်ပကပုဂ္ဂိုလ်၊ ပြင်ပကအဖွဲ့အစည်းတွေမှာ ကျွမ်းကျင်တတ်မြောက်တဲ့ ပညာရှင်တွေပါမယ်ဆိုတဲ့ သဘောတရားမျိုး ကျွန်တော်ကြားလိုက်ပါတယ်။ ကျွန်တော် လွဲရင်လွဲပါလိမ့်မယ်။ အဲဒီတော့ ဒီမှာက စာသားအနေနဲ့ မူလပြဋ္ဌာန်းချက်မှာက အစိုးရဌာနအဖွဲ့အစည်းတွေပဲ ကျွန်တော်တွေ့ပါတယ်။ အစိုးရဌာနအဖွဲ့အစည်းတွေဟာ သင့်လျော်သော ပုဂ္ဂိုလ်ထားပါတော့ ဘောဂဗေဒပညာရှင်ပါပါလိမ့်မယ်။ ဒါကိုကျွန်တော်က မဆိုလိုပါဘူး။ ဒီမှာကျတော့ ကျွန်တော့်ရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာက အထူးစီးပွားရေး ဇုန်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန အဖွဲ့အစည်းများနှင့် ဆိုတဲ့နေရာမှာကျွန်တော်က စဖြည့်ပါမယ်။ ယင်းတို့၏ ပြင်ပမှသင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်းလို့ ကျွန်တော်ကခံပြီးတဲ့နောက်မှာမှ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦးအနည်းဆုံး ပါဝင်စေရန်လို့ ကျွန်တော်ကဆိုထားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီအပိုဒ်မှာ ကျွန်တော်ပြင်ဆင်လိုက်တာက အစိုးရ အဖွဲ့အစည်းတွေ ဌာနဆိုင်ရာတွေ ဝန်ကြီးဌာနတွေအပြင်ပေါ့လေ ယင်းတို့ရဲ့ပြင်ပမှသင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ်ထည့်ဖို့ဆိုတာကို ကျွန်တော်က ဒီအပိုဒ်မှာ ထည့်ထားပါတယ်။ အဲဒီ့ထဲမှာမှ ဘောဂဗေဒပညာရှင်တစ်ဦးဆိုတာကို ကျွန်တော်က ထည့်ထားတာဖြစ်ပြီးတော့ သို့သော်လည်းပဲ ဘောဂဗေဒပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေဆိုတာက စောစောက လွှတ်တော်ကလည်း ပယ်ချ

ပြီးပြီဖြစ်တဲ့အတွက်ကြောင့် ဒီအပိုဒ်ကလေး ကျွန်တော်ဖြုတ်လိုက်ပါမယ်။ စာမျက်နှာ ၇၊ အမှတ်စဉ် ၂၄ အနေနဲ့ ယင်းတို့၏ ပြင်ပမှသင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ် လည်းကောင်းဆိုတာကို ကျွန်တော်အခု တင်သွင်းပါမယ်။ ဒါကိုလွှတ်တော် ကဆုံးဖြတ်ပေးဖို့ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အခု ဦးကြည်မြင့် မူလအဆိုပြုတင်ပြထားတဲ့ထဲက ဘယ်အပိုဒ်ကိုဖြုတ်ပြီးတော့ ပြန်တင်ပြပါတယ်။ ဖြည်းဖြည်းပြောပေးပါ။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ တတိယပြင်ဆင်ချက်ကို စာမျက်နှာ ၇၊ အမှတ်စဉ် ၂၄ မှာကျွန်တော်က တစ်ကြောင်းကို တစ်ကြောင်းခံပြီးတော့ နှစ်ကြောင်း ဖြည့်စွက်ထားတာရှိပါတယ်။ ပထမတစ်ကြောင်းက မူလမှာပါဝင်တဲ့ ပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရ ဌာန အစိုးရအဖွဲ့အစည်းများနေရာကစပြီးတော့ (၂) ယင်းတို့၏ ပြင်ပမှသင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်းလို့ ပထမတစ်ချက်၊ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦးအနည်း ဆုံးပါဝင်စေတာဆိုတာက ဒုတိယတစ်ချက် ဖြစ်နေပါတယ်။ သို့သော်လည်းဘဲ ဒုတိယအချက်က ပယ်ဖျက်ပြီးသားဖြစ်သွားတဲ့အတွက်ကြောင့် ပထမ တစ်ချက်ဖြစ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များအပဖြစ်တဲ့ (၂) ယင်းတို့၏ ပြင်ပမှသင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဆိုတာကို ကျွန်တော်ယခု လွှတ်တော်ကိုပြင်ဆင်ရန် တင်ပြခြင်း ဖြစ်ပါတယ်။ ဖြည့်စွက်ရန်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော့်ကိုဝိုင်းဝန်းပြီးတော့ ဆုံးဖြတ်ပေးဖို့ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ရပါလား။ ရရင်ဆွေးနွေးပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ကျွန်တော်တို့ ဦးကြည်မြင့်ရဲ့ ပြင်ဆင်ချက် ၃ ခုကို တစ်ပြိုင်တည်း ဆောင်ရွက်လို့ရတယ်လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်ပြလိုပါ တယ်။ ဦးကြည်မြင့်ရဲ့ ပြင်ဆင်ချက်က ကျွန်တော်တို့ အမှတ်စဉ် ၂၄ ရယ်၊ အမှတ်စဉ် ၃၇ ရယ်၊ အမှတ်စဉ် ၄၄ ရယ်ပါ။ အဲဒီ ၄၄ မှာ ဦးကြည်မြင့်ရဲ့ပြင်ဆင်ချက်က ယင်းတို့အနက် ဘောဂဗေဒပညာ ရှင်တစ်ဦးအနည်းဆုံး ဒီပြင်ဆင်ချက်ဟာ စောစောက ကျွန်တော်တို့ ပထမ ဆုံးဖြတ် လိုက်တဲ့ အခန်း(၁) အမှတ်စဉ် ၉ ဆုံးဖြတ်ချက် နောက် အခန်း(၃)က အမှတ်စဉ် ၁၄ ဆုံးဖြတ်ချက် တို့အရဆိုလို့ရှိရင် ဘောဂဗေဒပညာရှင်ဆိုတာ ထည့်ဖို့မလိုပါဘူး။ မလိုတဲ့အတွက်လည်း ကျွန်တော်တို့ ပြင်ဆင်တဲ့ ဦးကြည်မြင့်ကိုယ်တိုင်လည်း ပြန်ပြီးတော့ ရုပ်သိမ်းတဲ့အနေအထားလို့ ကျွန်တော့်အနေနဲ့

တင်ပြလိုပါတယ်။ အဲဒီမှာကတော့ ဦးကြည်မြင့် တင်ပြသွားတဲ့ ယင်းတို့၏ပြင်ပမှ သင့်လျော်သောဆိုတဲ့ ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ အထူးစီးပွားရေးဇုန်ကိုလုပ်တဲ့အခါမှာ ကျွန်တော်တို့မှာ အဆင့် ၃ ဆင့် ရှိပါတယ်ခင်ဗျာ။ ပထမအဆင့်ကတော့ ဗဟိုအဖွဲ့ဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ ဗဟိုလုပ်ငန်းအဖွဲ့ ဖြစ်ပါတယ်။ ဗဟိုလုပ်ငန်းအဖွဲ့ကတော့ ဗဟိုလုပ်ငန်းအဖွဲ့ရဲ့ Secretariat သဘောမျိုးနဲ့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နောက်ပြီးလို့ရှိရင် ကျွန်တော်တို့ Management Committee လို့ခေါ်ပါတယ်။ ကျွန်တော်တို့ စီမံခန့်ခွဲမှုကော်မတီ ဖြစ်ပါတယ်။ တကယ်တမ်း ကျွန်တော်တို့ ထိတွေ့ဆက်ဆံပြီးတော့ ဒီရင်းနှီးမြှုပ်နှံသူများနှင့် Main interface လုပ်ပြီးတော့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံရမှာကတော့ Management Committee လို့ခေါ်တဲ့ စီမံခန့်ခွဲမှုကော်မတီ ဖြစ်ပါတယ်ခင်ဗျား။ Management Committee မှာ ကျွန်တော်တို့ ပြင်ပကပညာရှင်တွေ ပါရမယ်။ နောက်ပြီးတော့ ပြင်ပက ပညာရှင်ဆိုတဲ့နေရာမှာ ကျွန်တော် ခုနကပြောတဲ့အတိုင်းပဲ ဘောဂဗေဒဆိုတဲ့ Economic တစ်ခုတည်းမဟုတ်ဘဲနဲ့ ဒီ International Trade နဲ့ပတ်သက်တာ၊ Business နဲ့ပတ်သက်တာ အဲဒီဥစ္စာတွေ ကျွန်တော်တို့ ပညာရှင်တွေပါရမယ်။ နောက်ပြီးတော့ အဲဒီအပြင် ကျွန်တော်တို့ ဒီလို အကြံပေးတွေ International Consultant တွေပါရမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ အထူးစက်မှုစီးပွားရေးဇုန်မှာရှိနေတဲ့ ဒီရင်းနှီးမြှုပ်နှံသူတွေ နောက်ပြီးတော့ Developer ထဲကနေပြီးတော့ Representative တစ်ယောက် ရင်းနှီးမြှုပ်နှံသူတွေထဲက Representative ပါပြီးတော့ ကျွန်တော်တို့ ဒီ Management Committee ရဲ့ လုပ်နိုင်စွမ်းကို ကျွန်တော်တို့ ပိုပြီးတော့ မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဗဟိုအဖွဲ့အနေနဲ့ကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဒီမူဘောင်အတွင်းကနေပြီးတော့ နိုင်ငံတော်ရဲ့ Policy တွေထဲကနေပြီးတော့ ဝင်အောင်လို့ ချပေးတဲ့ဗဟိုအဖွဲ့တစ်ခုသာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ယူဆတာကတော့ ဗဟိုအဖွဲ့မှာထက်စာလို့ရှိရင် ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ထက်စာလို့ရှိရင် ကျွန်တော်တို့ စီမံခန့်ခွဲမှုကော်မတီလို့ခေါ်တဲ့ Management Committee မှာ ပြင်ပပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းတာဟာ ဘောဂဗေဒပညာရှင်တစ်ဦးဆိုတဲ့ဥစ္စာမထည့်ဘဲနဲ့ ပြင်ပပုဂ္ဂိုလ် ပညာရှင်များနဲ့

ဖွဲ့စည်းတာဟာ ပိုပြီးတော့ သင့်တော်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်ခင်ဗျား။ လက်ခံသင့်/ လက်မခံသင့်တာကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုနာခံပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ အခု သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတာကို သဘောပေါက်ပါသလား။

**ဥပဒေကြမ်းကော်မတီ**။ ။ ပေါက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗဟိုအဖွဲ့မှာတော့ ပြင်ပမှ သင့်လျော်တဲ့ပုဂ္ဂိုလ်များကို ဗဟိုအဖွဲ့ဝင်အဖြစ် ထည့်ဖို့မသင့်ဘူးဆိုတဲ့သဘော အဲဒီလို ဆွေးနွေးပါတယ်။ ဦးကြည်မြင့်ရော သဘောပေါက်ပါသလား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ပေါက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်တဲ့လူလည်း အခုမေးတဲ့အပေါ်မူတည်ပြီးတော့ အားလုံးသဘောပေါက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ ဦးကြည်မြင့်အဆိုတင်သွင်းတဲ့အဆိုပေါ်မူတည်ပြီးတော့ ဦးကြည်မြင့်က သူအဆိုတင်သွင်းတဲ့အထဲက ပယ်ဖျက်လိုက်တာရှိပါတယ်။ ယင်းတို့အနက်ဘောဂဗေဒပညာရှင် တစ်ဦး အနည်းဆုံးဆိုတဲ့စကားလုံးကို ဖျက်ပါတယ်။ ဒီပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီ ကလည်း ဦးကြည်မြင့်ရဲ့အဆိုကို လက်ခံပါတယ်။ ထောက်ခံပါတယ်လို့ပြောပါတယ်။ သို့ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနကတော့ ဗဟိုအဖွဲ့မှာ ပြင်ပက ပုဂ္ဂိုလ်အဖွဲ့ဝင်ထည့်ပေးဖို့နဲ့ ပတ်သက်လို့ မသင့်တော်ဘူးထင်ပါတယ်။ သို့ရာတွင် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူမယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ တင်ပြချက်ကို မူတည်ပါမယ်။ ဝန်ကြီးဌာနရဲ့ တင်ပြချက်ကို၊ အဆိုပြုချက်ကို သဘောတူတဲ့ပုဂ္ဂိုလ်များ မတ်တပ်ရပ်ပေးပါ။ တစ်ဦးရှိပါတယ်။ နှစ်ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အများစု ထောက်ခံမှု ရရှိတဲ့အတွက် ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၀ ဖြစ်ပါတယ်။ အမှတ်စဉ် ၃၇ ။ မှန်ပါတယ်။ ကျွန်တော့်ရဲ့ ဒီကန့်လန့်ဖြတ် ဇယားမှာ စာမျက်နှာ ၁၀ အမှတ်စဉ် ၃၇ ။ ဦးကြည်မြင့်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့ စတုတ္ထမြောက် ပြင်ဆင်ချက်အဆို ပြုချက်ကတော့ စောစောက တတိယမြောက် ပြင်ဆင်အဆိုပြုချက်မှာက ဗဟိုအဖွဲ့ ဖွဲ့တဲ့အခါမှာ အစိုးရဌာနများ အဖွဲ့အစည်းများအပြင် ပြင်ပပုဂ္ဂိုလ်များပါဝင်ဖို့ဆိုတာ ဖြစ်ပါတယ်။ ယခု

စတုတ္ထမြောက် ပြင်ဆင်ချက်အဆိုမှာကတော့ ဗဟိုအဖွဲ့ရဲ့ အောက်မှာရှိနေတဲ့ ဗဟိုလုပ်ငန်း အဖွဲ့မှာ အစိုးရဌာန အစိုးရအဖွဲ့အစည်းများအပြင် ယင်းတို့ရဲ့ပြင်ပက ပုဂ္ဂိုလ်များပါဝင်ဖို့ ဆိုတဲ့ အချက်ကို ပြင်ဆင်ချက်အဆိုအဖြစ် တင်သွင်းခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်း ဒီ ဒုတိယအဆင့် ဖြစ်မယ့် ဗဟိုအဖွဲ့ရဲ့ အောက်မှာရှိတဲ့ ဗဟိုလုပ်ငန်းအဖွဲ့မှာ ဒီပြင်ပပုဂ္ဂိုလ်များအနက် ဘောဂဗေဒ ပညာရှင် တစ်ဦးအနည်းဆုံးပါဝင်စေလိုတဲ့အကြောင်းကိုလည်း ကျွန်တော်ကတင်ပြထားပါတယ်။ အချက်နှစ်ချက် ဖြစ်သွားပါ့မယ်။ ဒီနေရာမှာ ဘောဂဗေဒပညာရှင်ဆိုတာတွေရဲ့ Definition ကို ကျွန်တော်က ဥပဒေကြီး တစ်ခုလုံးအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ စာရင်းအင်းဗေဒနဲ့ ဘောဂဗေဒဘွဲ့ရသူဟု လို့ ကျွန်တော်က ယေဘုယျဆိုထားပေမယ့်လို့ သာမန်အခြားသော ပညာရပ် ဘာသာရပ်ကနေပြီးတော့ ဘောဂဗေဒကို ပြင်ပကနေသင်ယူတာမျိုး၊ အင်တာနက်ကနေ သင်ယူတာမျိုး၊ စာပေးစာယူသင်ယူတာမျိုး၊ နည်းလမ်းတစ်မျိုးမျိုးနဲ့ လက်မှတ်ရအောင် သင်ယူထားတဲ့ စီးပွားရေးပညာရှင်အမည်ခံတွေလည်း အများကြီးရှိပါတယ်။ သူတို့အနေအထားကိုတောင်မှ လက်ခံ နိုင်တဲ့ သဘောထားမျိုး ကျယ်ပြန့်စွာ ဒီဥပဒေကြမ်းမှာ ဖော်ပြထားတဲ့နောက်မှာတော့ တစ်ခါ စောစောက ဗဟိုအဖွဲ့မှာတောင် ပြင်ပပုဂ္ဂိုလ်များကို ထည့်ထားပြီးတဲ့ နောက်မှာကတော့ ဒီ ကျွန်တော့်ရဲ့ စတုတ္ထပြင်ဆင်ရန်တင်ပြတဲ့အချက်မှာ ပထမအချက်ဖြစ်တဲ့ ပြင်ပမှပုဂ္ဂိုလ်များ ပါဝင်ရေးနဲ့ ဒုတိယ အချက်ဖြစ်တဲ့ ယင်းတို့အနက် ဘောဂဗေဒပညာရှင်အနည်းဆုံးတစ်ဦးပါဝင်ရေးဆိုတဲ့ အချက်နှစ်ချက် လုံးကို လွှတ်တော်က ဆွေးနွေးအတည်ပြုပေးမယ်လို့ ကျွန်တော် မျှော်လင့်ချက်ကြီးစွာနဲ့ တင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၆) အပိုဒ် ၂၄ ဖြစ်ပါတယ်။ ကျွန်တော်တို့ မူလအတည်ပြုခဲ့တဲ့ အထဲမှာ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေခြင်းဖြင့် ဆိုတဲ့ဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ ထပ်မံ ထည့်သွင်းမှုကို ကျွန်တော်တို့ ပယ်ဖျက်ပြီးဖြစ်တဲ့အတွက် မူလပြင်ဆင်ချက်ပေါ်မှာသာ ယင်းတို့၏ ပြင်ပမှပုဂ္ဂိုလ်များ အစိုးရအဖွဲ့အစည်းများနှင့် ယင်းတို့၏ ပြင်ပမှပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဆိုတဲ့ အချက်ကို ဥပဒေကြမ်း ကော်မတီမှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆိုလိုတာက စာမျက်နှာ ၁၁ ပထမဆုံး ဒီအကွက်ထဲမှာရှိတဲ့ ယင်းတို့အနက် ဘောဂဗေဒ ပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေခြင်းဆိုတာ ဖျက်လိုက်မယ်ဆိုရင်သဘောတူလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အဲဒီအတိုင်း သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ပြောသလိုပဲ ဗဟိုအဖွဲ့နဲ့ ဗဟိုလုပ်ငန်းအဖွဲ့က ဒီ နိုင်ငံတော်ရဲ့ပေါ်လစီကိုပဲ လုပ်တာဖြစ်တဲ့အတွက် ပြင်ပကပုဂ္ဂိုလ်များနဲ့ မပါဘဲနဲ့ ဒါပေမယ့် စီမံခန့်ခွဲမှုကော်မတီကျတော့မှ ပြင်ပပုဂ္ဂိုလ်ပညာရှင်များပါဖို့အတွက် ကျွန်တော်တို့ ဒီလိုမျိုးယူဆချက်ရှိပါတယ်။ ဒါပေမယ့် ဗဟိုအဖွဲ့မှာ ခုနတုန်းက ပြင်ပကပုဂ္ဂိုလ်များနဲ့ ပါဝင်ဖွဲ့စည်းဖို့အတွက် ဆုံးဖြတ်ပြီးတာ ဖြစ်တဲ့အတွက် ဗဟိုလုပ်ငန်းအဖွဲ့မှာလည်း ဆုံးဖြတ်ပြီးသားကိစ္စကို ကျွန်တော့်အနေနဲ့ ပြန်ကန့်ကွက်ရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။ အဲဒီတော့ ဦးကြည်မြင့် မူလအဆိုပြုချက်ကို စာမျက်နှာ ၁၁ အပေါ်အကွက်မှာရှိတဲ့ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေခြင်းကို ဖြတ်လိုက်မယ်ဆိုရင် ဥပဒေကြမ်းကော်မတီကလည်း သဘောတူတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သဘောတူတယ်။ ဒီလိုဆိုရင် ဦးကြည်မြင့်ရဲ့ သဘောထားပြောပါ။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ကျွန်တော် လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါကြောင့် သုံးဖွဲ့လုံးက ဦးကြည်မြင့်ရဲ့ ပြင်ဆင်အဆိုပြုချက်အနက် ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦးအနည်းဆုံးပါဝင်စေခြင်းဖြင့် ဖွဲ့စည်းရမယ်ဆိုတာကတော့ မူလအဖွဲ့သုံးဖွဲ့လုံးက သဘောတူညီပါတယ်။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးကြည်မြင့်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၂ အမှတ်စဉ် ၄၄ အခန်း(၇) အပိုဒ် ၂၆ ဦးကြည်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ကျွန်တော့်ရဲ့ ပဉ္စမမြောက် ပြင်ဆင်ချက်အဆို ကတော့ စာမျက်နှာ ၁၂ အမှတ်စဉ် ၄၄ မှာ ပါပါတယ်။ ဒီတော့ကာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ (က) ဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်လို့

ဆိုပါတယ်။ ဒီမှာ ကျွန်တော်ကနေပြီးတော့ ပြင်ဆင်ရန်တင်ပြချက်ကတော့ ဒီဥပဒေပါ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီကို သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းများနဲ့ ဆိုတဲ့ နေရာ ကနေဆက်ပြီးတော့ (၁) ယင်းတို့အနက် ပြင်ပမှပုဂ္ဂိုလ်များ၊ ယင်းတို့အနက် ဘောဂဗေဒပညာရှင်တစ်ဦးအနည်းဆုံး ပါဝင်စေခြင်းဆိုတဲ့ အချက်နှစ်ချက်ကို ကျွန်တော် ပြင်ဆင်ရန် တင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့က နောက်ထပ်ပြောချင်တာက ဗဟိုအဖွဲ့ ဗဟိုလုပ်ငန်းအဖွဲ့တွေမှာ ပြင်ပပုဂ္ဂိုလ်များကို လက်ခံဖို့ သဘောတူပြီးတဲ့ နောက်မှာတော့ တတိယအဆင့် ဖြစ်တဲ့ စီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီမှာကတော့ ဒီပြင်ပပုဂ္ဂိုလ်များ ပါဝင်ရေးဆိုတာကတော့ ခက်ခဲမယ်လို့ မထင်တော့ပါဘူး။ ဒုတိယအချက်ဖြစ်တဲ့ ဒီစီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီမှာ ဒီပြင်ပပုဂ္ဂိုလ်များထဲက ထည့်သွင်းဖွဲ့စည်းမယ်ဆိုလို့ရှိရင် ဘောဂဗေဒပညာရှင်တစ်ဦး အနည်းဆုံးပါဝင်စေခြင်းဆိုတာတော့ ကျွန်တော်ထပ်မံပြီးတော့ ကျွန်တော့်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကြားကို ပါဝင်ပေးဖို့ ဝိုင်းဝန်းဆွေးနွေးပေးဖို့ လက်ခံပေးဖို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့က အခန်း(၂) အပိုဒ် ၂၆ မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဇယားမှာ ကျွန်တော်တို့ ဖော်ပြထားပါတယ်။ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂိုလ်၊ ပြင်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဆိုတော့ ဒီနေရာမှာတော့ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မူလဆုံးဖြတ်ထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်တဲ့အတိုင်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမည်ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဦးကြည်မြင့် ပြောထားတဲ့ အကြောင်းအရာ ဘောဂဗေဒပညာရှင်တစ်ဦးထည့်ရမယ် ဆိုတဲ့စေတနာကို ကျွန်တော့်အနေနဲ့ အပြည့်အဝ နားလည်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဘောဂဗေဒ ပညာဆိုတာ

Economic ပဲဖြစ်ပါတယ်။ Economic မှာမှ Statistic, Commerce ဒီလို ခွဲထားတာရှိပါတယ်။ နိုင်ငံတော်တော်များများမှာ ဘောဂဗေဒဆိုတဲ့ Economic သည် Economic သက်သက် Investment သည် Investment သက်သက် Investment Management ခေါ်ပါတယ်။ Business Administration သည် သက်သက် နောက် International Trade သည် သက်သက် M.Sc, M.A ဆိုတဲ့ ပုံစံမျိုးတွေ အများကြီး ဒီ Discipline တွေ အများကြီး ရှိပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဘောဂဗေဒပညာရှင်တစ်ဦးဆိုတဲ့ ပုံစံမျိုးလုပ်လိုက်လို့ရှိရင် ကျွန်တော်တို့အနေနဲ့ အခြား ဥစ္စာတွေကို လျစ်လျူရှုလို ဖြစ်သွားပြီးတော့ ကျွန်တော်တို့ ပိုပြီးတော့ Rigid ဖြစ်တဲ့ ဥပဒေကြမ်း တစ်ခုဖြစ်သွားမှာကို စိုးရိမ်မိပါတယ်။ အဲဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆို ပြုချက်ကို သက်ဆိုင်ရာဝန်ကြီး ဌာနကလည်း သဘောတူလက်ခံပါတယ်။ ဒါကြောင့်လွှတ်တော်အနေနဲ့ ဥပဒေကြမ်ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၇ အမှတ်စဉ် ၆၈ အခန်း (၉) အပိုဒ် ၃၈ ဦးကြည်မြင့် လသာမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ဒီမှာတော့ နည်းနည်းငြင်းခုံချက်များပါလိမ့်မယ်။ မူလ ဥပဒေကြမ်းမှာ စာမျက်နှာ ၁၇ အမှတ်စဉ် ၆၈ အခန်း (၉) အပိုဒ် ၃၈ မူလဥပဒေကြမ်းမှာ အဆိုပြု ပြဋ္ဌာန်းထားတာကတော့ (ခ) အထူးစီးပွားရေးဇုန်တည်ထောင်ရာတွင် ရာခိုင်နှုန်းပြည့်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့်သော်လည်းကောင်း၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့်သော် လည်းကောင်း၊ တတိယအချက်အနေနဲ့ နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်နိုင်သည်လိုဆိုပါတယ်။ မြန်မာ့အထူး စီးပွားရေးဇုန်ဥပဒေကြမ်းမှာ သူက လုပ်ငန်းစဉ် ၂ ဆင့်ရှိပါတယ်။ တစ်ဆင့်က တည်ဆောက်ရေးအပိုင်း စစချင်း အခင်းအကျင်းတစ်ရပ်လုံးကို ရင်းနှီးမြှုပ်နှံတာကိုဆိုလိုပါတယ်။ ဒုတိယအဆင့်ကျတော့မှ ဒီခင်းကျင်းပြီးသား ရင်းနှီးမြှုပ်နှံတည်ဆောက်ထားပြီးသားမှာ ဝင်ရောက်ပြီးတော့ လုပ်ကိုင်ဖို့ လာရောက်ရင်းနှီးမြှုပ်နှံတာရယ်လို့ နှစ်ဆင့်ရှိပါတယ်။ ဒါက ပဏာမအဆင့် အခင်းအကျင်းကြီးကို အရင်းအနှီးကြီးမားစွာ ထည့်ပြီးတော့ တည်ဆောက်တဲ့ကိစ္စမှာဆိုထားတာဖြစ်ပါတယ်။ ဒီတော့ကား

ပထမဆုံးကျွန်တော်ရဲ့ ငြင်းခုံချက်ကို အရင်တင်ပြပါ့မယ်။ ပြီးမှ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုကို တင်ပြပါ့မယ်။ ပထမဆုံးမူလ အဆိုပြုပြဋ္ဌာန်းချက်ကို ကျွန်တော့်အနေနဲ့ငြင်းချက်ထုတ်ချင်တာကတော့ ဒီကြီးမားလှတဲ့ ရင်းနှီးတည်ဆောက်သူအဖြစ်ဆောင်ရွက်ဖို့ကိစ္စမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ဆိုတာမှာ ကျွန်တော်တို့က လက်ဝါးကြီးအုပ်စီးပွားရေးပုံစံဖြစ်သွားမှာကို ထည့်တွက်ရပါမယ်။ ဒါကိုတော့ အသာထားလိုက်ပါ။ ကိုယ်တော်လို့ ကျွမ်းကျင်လို့ တစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင်ရှိလို့ လက်ဝါးကြီးအုပ်နိုင်တယ်ဆိုရင် ခွင့်ပြုပါတယ်။ သို့သော်လည်းပဲ ဒီလောက်ကြီးမားတဲ့ အရင်းအနှီးကို ဘယ်ကရှာမလဲ။ ကျွန်တော်တို့ Project Appraise လုပ်တဲ့အခါမှာ စီမံချက်တစ်ခုကို စမ်းစစ်စိစစ်တဲ့အခါမှာ တစ်ဖက်က အဆိုတင်ပြ တဲ့သူကလည်းပဲ ၄၊ ၅၊ ၆ ကွက်မျှော်တွက်ပြီးတော့ လုပ်တာပါ။ အစိုးရပိုင်းအနေနဲ့ လွှတ်တော်ပိုင်းအနေနဲ့ကလည်း ၇ ကွက်၊ ၈ ကွက်ကျော်ပြီးမြင်မှ ဖြစ်နိုင်တဲ့ကိစ္စ။ အဲလိုမဟုတ်ရင်တော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ အမြဲတမ်းခံဘက်ကကြီးပဲဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေဘက်က ရပ်တည်ရတာက လွှတ်တော်ပါ။ အစိုးရပါ။ လွှတ်တော်တို့၊ အစိုးရတို့က ပုဂ္ဂလိကထက် ၄၊ ၅၊ ၆ကွက်သာမှသာလျှင် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ စစ်မှန်မှာဖြစ်ပါတယ်။ ဘောဂဗေဒမှာတော့ ဘောဂဗေဒပညာရှင်ရဲ့အဆိုဟာ အဓိကအားဖြင့်တော့ အစိုးရနဲ့လွှတ်တော်တွေကညံ့ရင်တော့ ပြည်သူတွေက ကြားခံဖြစ်မယ်ဆိုတဲ့ သဘောတရားပါ။ အဲ့ဒီတော့ ဒီမှာက နိုင်ငံသားတစ်ဦးတည်းက ရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ဖြစ် သွားမယ်ဆိုလို့ရှိရင် သူဘယ်က အရင်းအနှီးရမလဲ။ အခုကျွန်တော်တိုနိုင်ငံတော်ကို ငိုပြပြီးတော့ ပိုက်ဆံတောင်းမှာပဲ။ ချေးမှာပဲ။ ကျွန်တော်ကို အထူးအခွင့်အရေးပေးပါလို့ပြောမှာပဲ။ အဲ့ဒီတော့ သူရဲ့ရင်းနှီးမြှုပ်နှံမှုတည်ဆောက်ပုံ Capital Structure မှာ အကြွေးတွေးများနေလိမ့်မယ်။ ဒီအကြွေး တွေများနေတယ်ဆိုလို့ရှိရင် သူ့ရဲ့ အရင်းအနှီးတွေထဲမှာ သူကိုယ်ပိုင်ငွေက ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းပါပြီးတော့ ကျန်တဲ့ ၈၅ ရာခိုင်နှုန်းလောက်က ငွေကြေးဈေးကွက်မှာ သူ မတရားချေးထားတာ လည်းဖြစ်ချင်ဖြစ်မယ်။ မရှိရှိတဲ့အချက်တွေကို ဖောင်းပွအောင် စာရင်းမှာချဲ့ကားပြပြီးတော့ အပေါင်တင်ပြီး ချေးထားတာလည်းဖြစ်ချင်ဖြစ်မယ်။ အခုနကပြောသလို နိုင်ငံတော်ကို ငိုပြပြီးတော့ အထူးအခွင့်အရေးအနေနဲ့ ထုတ်ချေးပေးပါဆိုတာလည်းဖြစ်ချင်ဖြစ်မယ်။ ဒါတွေက သဘာဝမကျတဲ့ သဘောတရားဖြစ်ပြီးတော့ မကြာမီတွေမှာ ဒီလုပ်ငန်းကလည်း ဒေဝါလီခံသွားရနိုင်စရာရှိတယ်။ တကယ်ခံရမှာကတော့ ဒီမှာဝင်ရောက်လုပ်ကိုင်တဲ့အောက်အဆင့်မှာဝင်ပြီး ရင်းနှီးမြှုပ်နှံတဲ့သူတွေ လည်းဖြစ်တယ်။ ပြည်သူ့ဘဏ္ဍာတွေလည်းဖြစ်မယ်။ အလုပ်သမားတွေလည်းဖြစ်မယ်။ ဒီကိစ္စကို တစ်ချက်စဉ်းစားမိတာပါ။

ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ဆိုတဲ့အချက်ရယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ဆိုတာကပိုပြီးတော့ သတိထားဖို့လိုပါတယ်။ အထူးသဖြင့် သတင်းဆိုတာကတော့ အခြေခံမရှိဘဲတော့ထွက်မလာဘူးပေါ့လေ။ ထားဝယ်စီးပွားရေးဇုန်မှာ တစ်ဖက်နိုင်ငံက အင်နဲ့အားနဲ့ ဝင်လာမယ်ဆိုတဲ့ပုံစံမျိုးတွေ ကြားရပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်းပဲ ဦးသိန်းလွင်လို ပုဂ္ဂိုလ်တို့ကအစ သတိပေးထားဆွေးနွေးခဲ့တာရှိပါတယ်။ ဒါကြောင့်လည်းပဲ နိုင်ငံခြားသားရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဆိုတာကလည်း စဉ်းစားဖို့အချက်ဖြစ်သွားပါတယ်။ နောက်တစ်ခါ ထပ်ပြီးတော့ နိုင်ငံသားနဲ့ နိုင်ငံခြားသားဖက်စပ်ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ကိစ္စမျိုးမှာလည်းပဲ ကျွန်တော်တို့ ထပ်ပြီးတော့ သတိထားဖို့လိုပါတယ်။ ဒီဥပဒေကို ငြင်းချက်ထုတ်ချင်တဲ့အတွက်ကြောင့် သူ့အစား အစားထိုးပြီးတော့ ပြင်ဆင်တင်ပြချက်ပြုချင်တာပါ။ ကျွန်တော့ အနေနဲ့ ပြင်ဆင်တင်ပြချက်က အထူးစီးပွားရေးဇုန်တည်ဆောက်ရာတွင် နိုင်ငံသားနဲ့ နိုင်ငံခြားသားဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ကျွန်တော့်အနေနဲ့ဖြည့်တဲ့အပိုင်းက နိုင်ငံအစိုးရကြီးနှင့် နိုင်ငံအစိုးရများ၏ ဥပဒေစာခနေရန်ပုံငွေ (SWS) ကုမ္ပဏီအဖွဲ့အစည်းနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်နိုင်သည်လို ထပ်ဖြည့်ပေးထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနေရာမှာ နိုင်ငံအစိုးရကြီးဆိုတာက အာမခံချက်အပြည့်အဝရှိပါတယ်။ ကျွန်တော်တို့ ထိုင်းနဲ့မြန်မာအစိုးရနဲ့ ဖက်စပ်လုပ်တယ်လို့ပဲပြောပြော၊ ပုဂ္ဂလိကအချင်းချင်း သူ့နိုင်ငံကလူနဲ့ ကိုယ့်နိုင်ငံကလူနဲ့ ဖက်စပ်လုပ်တယ်လို့ပဲ ပြောပြော တကယ့်တကယ်ကျတော့ အရင်းအနှီးဖွဲ့စည်းတည်ဆောက်ပုံမှာကတော့ နိုင်ငံတော်အစိုးရတွေရဲ့ ထုတ်ပေးရတဲ့ အရင်းအနှီးဆိုတာ အစိတ်အပိုင်းကြီးမားစွာပါဝင်လေ့ရှိပါတယ်။ ဒီတော့ကာ နိုင်ငံသားတစ်ဦးချင်း၊ နိုင်ငံခြားသားတစ်ဦးချင်းဆိုတာကိုပယ်လိုက်ပြီးတဲ့နောက်မှာ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံမှုကို လက်ခံထားပါတယ်။ နောက်တစ်ခါ နိုင်ငံအစိုးရချင်း လုပ်တာကို လက်ခံထားပါတယ်။ နောက်တစ်ခုက (SWS) နိုင်ငံတော် ဥပဒေစာခနေရန်ပုံငွေအဖွဲ့နဲ့ လုပ်တာကို ကျွန်တော်က တင်ပြထားပါတယ်။ ပြန်ပြီးတော့ ပြောရမယ်ဆိုရင် ဒီအထူးစီးပွားရေးဇုန် တည်ဆောက်တဲ့နေရာမှာ ရင်းနှီးတည်ဆောက်သူအဖြစ် ပဏာမအခြေချ ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်နိုင်ဖို့ကို မူလအဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံသားအပြည့်အဝရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားသား ရာနှုန်းပြည့်အပြည့်အဝ ရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်က ပယ်ပါတယ်။ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံမှုကို လက်ခံပါတယ်။ နိုင်ငံအစိုးရချင်းလုပ်တာကို လက်ခံပါတယ်။ နိုင်ငံအစိုးရများရဲ့ ဥပဒေစာခနေများရဲ့ရန်ပုံငွေ ကော်မတီဖွဲ့စည်းပြီးတော့ လုပ်တာကိုလက်ခံထားပါတယ်။ ဒီနေရာမှာ

ကျွန်တော်နည်းနည်းပြောချင်ပါတယ်။ သိတဲ့အတိုင်းပဲ ဖုဏ်း ရောင်းရတဲ့ငွေ အခြားသောပင်ရင်း သဘာဝပစ္စည်းရောင်းလို့ရတဲ့ ငွေပမာဏတော်တော်လေးများနေတဲ့အတွက်ကြောင့် ဒေါ်လာ ရောင်းလိုအားတောင်များနေတယ်။ ဒေါ်လာတွေအများကြီး ပိုက်နေတဲ့အနေအထားမှာရှိတယ်။ အဲ့ဒီဟာကို လျှော့ကျသွားဖို့အတွက် သူတို့က ဒေါ်လာငွေဆွဲတင်တဲ့အစီအစဉ်လုပ်နေတာရှိပါတယ်။ ဒီလိုလုပ်နေမယ့်အစား ဒေါ်လာငွေဆွဲတင်တဲ့အလုပ်လုပ်နေရတဲ့အတွက်ကြောင့် ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေ၊ သွင်းကုန်တွေ အားလုံးဟာဈေးကြီးသွားတယ်။ ကုန်ကြမ်းတွေလောင်စာတွေပါ ဈေးကြီးပြီးတော့ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေပါဈေးကြီးသွားတယ်။ ဒီလိုဖြစ်မယ့်အစား ကျွန်တော်တို့ရဲ့ သဘာဝသယံဇာတ ပစ္စည်းတွေ၊ လုပ်အားတွေ ရောင်းချလို့ရတဲ့ငွေကြေးကို စုဆောင်း ထားမယ်ဆိုလို့ရှိရင် ဒါဟာ ရှေးခေတ်က စကားလုံးနဲ့ပြောမယ်ဆိုလို့ရှိရင်တော့ နိုင်ငံခြားငွေနဲ့ရွှေအရံ ပိုင်ဆိုင်မှု ဖြစ်သွားပါလိမ့်မယ်။ ကျွန်တော်တို့မှာ ဒေါ်လာတွေများနေတယ်။ ဒါတွေကိုကျွန်တော်တို့က ဖြုန်းပစ်ဖို့ကြိုးစားမယ့်အစား ဒါတွေကို နိုင်ငံတော် ဥစ္စာစုရန်ပုံငွေအဖြစ်နဲ့ ကိုင်ထားမယ်။ အရံရွှေနဲ့ နိုင်ငံခြားငွေအဖြစ်နဲ့ ကိုင်ထားမယ်ဆိုလို့ရှိရင် အဲ့ဒီကနေ ကုမ္ပဏီထူထောင်ဖွဲ့စည်းပြီးတော့ အခု အထူးစီးပွားရေးဇုန်တည်ဆောက်ရာမှာ ရင်းနှီးတည်ဆောက်သူအဖြစ် ဒီအဖွဲ့အစည်းကပဲ လုပ်သင့် တယ်လို့ ကျွန်တော်က ဆိုလိုခြင်းဖြစ်ပါ တယ်။ ဒီကိစ္စတွေက South Korea မှာလည်းရှိပါတယ်။ Singapore မှာလည်းရှိပါတယ်။ Malay ၊ China မှာလည်းရှိပါတယ်။ သူတို့ဆီက နမူနာပုံစံလည်း ယူလို့ရပါတယ်။ ဒါကို တစ်ချက်စဉ်းစားဖို့ ကျွန်တော်က ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်တာကတော့ ဆဋ္ဌမနဲ့နောက်ဆုံး အဆိုပြု တင်ပြချက်အနေနဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်မှာပါဝင်တဲ့ ရာနှုန်းပြည့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနဲ့ ရာနှုန်းပြည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ပယ်ဖျက်ပြီးတော့ နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ် ရင်းနှီးမြှုပ်နှံမှုကို ဆက်ထားမယ်။ နိုင်ငံအစိုးရချင်းနဲ့ နိုင်ငံအစိုးရများရဲ့ ဥစ္စာစုရန်ပုံငွေကုမ္ပဏီ ဖွဲ့စည်းထူထောင်ပြီး သို့မဟုတ် သူနဲ့ဖက်စပ်ပြီးတော့ အလွန်ပမာဏကြီးမားတဲ့ မူလအခင်းအကျင်း ဖြစ်တဲ့ အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူအဖြစ်ကို ဆောင်ရွက်ဖို့ အဆိုပြုထားတာ ဖြစ်ပါ တယ်။ နားလည်သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တော်တော်လေးနားထောင်လိုက်တဲ့အတွက် ကျွန်တော်တော့ ရှင်းသွားပါ တယ်။ အဲ့ဒီတော့ အဓိကကျွန်တော် နားလည်တာက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံသားပဲဖြစ်ဖြစ်၊

နိုင်ငံခြားသားပဲဖြစ်ဖြစ် လက်ခံဖို့မသင့်ဘူး။ ဒါ့ကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါမှာ အထူးသဖြင့် အထူးစီးပွားရေးဇုန်တည်ဆောက်တဲ့နေရာမှာ အချိုးအစားတစ်ခုတော့တစ်ဖက်ကပါနေရမယ်။ ဒါမှသာ မျှမျှတတဖြစ်နိုင်မယ်ဆိုတဲ့ သဘောလို့ပဲ ဒီလိုခံယူပါတယ်။ တစ်ခုတည်းနဲ့မဟုတ်ပါဘူး။ တိုင်းရင်းသား ရင်းနှီးမြှုပ်နှံမယ်ဆိုလို့ရှိရင်လည်း တစ်ယောက်တည်းကို ပေးမလုပ်နဲ့။ ဖက်စပ်ပေးလုပ်။ ဒါကျွန်တော် တို့ နားလည်တဲ့စကားနဲ့။ နိုင်ငံခြားကရင်းနှီးမြှုပ်နှံမှုလာမယ်ဆိုလို့ရှိရင်လည်း အဲ့ဒီတစ်ဖွဲ့တည်း၊ တစ်ယောက်တည်း၊ ကုမ္ပဏီတစ်ခုတည်းပေးမလုပ်နဲ့။ ကိုယ့်နိုင်ငံမှာရှိတဲ့ နိုင်ငံသားနဲ့ ပေါင်းပြီးတော့ ပေါင်းစပ်ပြီးလုပ်ဆိုတဲ့သဘော ဒီလိုယူဆပါတယ်။ ကျွန်တော့်အမြင်တော့ လက်တွေ့ကျပြီးတော့ လုပ်သင့်တဲ့ကိစ္စလို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ မူလထဲမှာတော့မပါဘူး။ သီးခြားရာနှုန်းပြည့်ပေးလိုက် တယ်။ ရာနှုန်းပြည့်ပေးလိုက်တဲ့အတွက် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အဲ့ဒီကုမ္ပဏီ၊ နိုင်ငံခြား ကုမ္ပဏီပဲဖြစ်ဖြစ်၊ ပြည်တွင်းကုမ္ပဏီပဲဖြစ်ဖြစ် သူရဲ့ စီမံခန့်ခွဲမှုအောက်မှာ အားလုံးပါသွားပြီးတော့ အများစု နိုင်ငံသားအကျိုးစီးပွားကို ထိခိုက်နိုင်တယ်ဆိုတဲ့ သဘောယူဆပြီး ပြောတယ်လို့ပဲကျွန်တော် နားလည်ပါတယ်။ အဲ့ဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရော ကျွန်တော်တို့ အစိုးရ အပိုင်းအနေနဲ့ရော နည်းနည်းအလေးအနက်စဉ်းစားရမယ်ဆိုတဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ လွယ်လွယ်နဲ့ပြီးအောင်မဖြေလိုက်ဘဲနဲ့သေချာပဲပြန်စဉ်စားပြီးတော့ အားလုံးနားလည်အောင် ဒီလိုလေး ရှင်းပြပေးပါ။ အားလုံးနားလည်အောင်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အထင်သေးလို့ ပြောတာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုလုပ်တဲ့အခါမှာ သေချာစဉ်စားနိုင်ဖို့ အချိန်ပေးမှ အခွင့်အရေးပေးမှ စဉ်းစားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အရင်လည်း ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ လုပ်ခဲ့တာလည်းရှိပါတယ်။ အခုလည်း ကျယ်ကျယ် ပြန့်ပြန့်ပါပြီး ဆွေးနွေးတဲ့အပေါ်မူတည်ပြီးတော့ စာမျက်နှာ ၁၇၊ အမှတ်စဉ် ၆၈ ကိုတော့ ဦးကြည်မြင့် တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက်မှာ အလေးအနက်ထားပြီးတော့၊ စဉ်းစားပြီးတော့ ပြန်လည်ရှင်းလင်း ပြပေးပါ။

**ဥက္ကဋ္ဌ**။ ။ ရပါတယ်။ အဲဒီလိုဆို ဝန်ကြီးဌာနကနေစပြီးတော့ ရှင်းလင်းပြပေးပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ရှင်းပြချင်တာကတော့ နိုင်ငံခြားသား၊ နိုင်ငံသားဆိုတဲ့ဟာက တစ်ဦးချင်းစီ Individual မဟုတ်ပါဘူး Legal Entity ကိုပြောတာပါ။ Legal Entity ဆိုတဲ့နေရာမှာ Statutory Body ဆိုတဲ့ အစိုးရလည်း

ဖြစ်နိုင်ပါတယ်။ အစိုးရဌာနတစ်ခုလည်းဖြစ်နိုင်ပါတယ်။ Company By Grantee ဆိုတဲ့ ပုဂ္ဂလိက Company ဒါမှမဟုတ်ရင် Grantee နဲ့ဖွဲ့စည်းထားတဲ့ အစိုးရ Company လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ Company Act အရ Company By Grantee ဆိုတာမြန်မာနိုင်ငံမှာတော့ မရှိသေးပါဘူး။ နောက်တစ်ခုအနေနဲ့ Company By Share ဆိုတဲ့နေရာမှာလည်း အစိုးရလည်း ဖြစ်နိုင်ပါတယ်။ ပုဂ္ဂလိကလည်းဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီက လက်ခံထားတဲ့အပိုဒ်မှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့်သော်လည်းကောင်းဆိုတာမှာ ပုဂ္ဂလိကဆိုတာမပါတဲ့အတွက် နိုင်ငံတော်အစိုးရ အချင်းချင်းလည်း ဖြစ်နိုင်ပါတယ်။ ခုနက ကျွန်တော်ပြောသလို Statutory Body လည်းဖြစ်နိုင်ပါတယ်။ Company By Grantee ဖြစ်နိုင်ပါတယ်။ Company By Share ဆိုတာ လည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ပထမအပိုဒ်မှာ နိုင်ငံခြားသား၊ နိုင်ငံသားဆိုတဲ့နေရာမှာ ပုဂ္ဂလိက လည်းဖြစ်နိုင်သလို အစိုးရချင်း လည်းဖြစ်နိုင်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ပြောချင်ပါတယ်။ နောက်ရင်းနှီးမြှုပ်နှံမှု တစ်ခုတည်ဆောက်တဲ့အခါမှာ အခုနလို ဦးကြည်မြင့် ပြောသွားတဲ့အချက်ထဲမှာ မှန်ပါတယ်။ Layer နှစ်ခု ရှိပါတယ်။ ပထမ Layer ကတော့ Developer လို့ခေါ်တဲ့ Develop တည်ဆောက်ရင်းနှီးတဲ့ သူပါ။ နောက် Layer တစ်ခုကတော့ ကျွန်တော်တို့ အဲဒီထဲမှာ Investor လို့ခေါ်တဲ့ ကျွန်တော်တို့ လွယ်လွယ်ပြောမယ်ဆိုရင်တော့ အထဲထဲမှာ ဝင်ရောက် ပြီးတော့ ရင်းနှီးမြှုပ်နှံသူတွေဖြစ်ပါတယ်။ အဲဒီမှာ ရင်းနှီးမြှုပ်နှံတဲ့အချိန်မှာ Developer ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ Investor ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမယ်ဆိုတဲ့အပိုင်းမှာ နှစ်ပိုင်းရှိပါတယ်ခင်ဗျား။ Equity ရင်းနှီးမြှုပ်နှံမှုနဲ့ Debt ရင်းနှီးမြှုပ်နှံမှုဆိုတာရှိပါတယ်။ Equity ဆိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အိတ်ထဲကပိုက်ဆံစိုက်ထုတ်တာကို Equity လို့ခေါ်ပါတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာတော့ ဥပမာ အစိုးရဖြစ်လို့ရှိရင် Sovereignty wealth fund ကလည်း Equity အနေနဲ့ ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။ အခြား Investment Fun တခြား Investment Fun တွေကလည်း ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။ ပြီးတော့ Capital Market ကလည်း ပုဂ္ဂလိကပဲဖြစ်ပါစေ၊ အစိုးရပဲဖြစ်ပါစေ Capital Market ကနေပြီးတော့ Stock and Share ကိုတင်ပြီးတော့လည်း Equity ရင်းနှီးမြှုပ်နှံမှုကိုလုပ်နိုင်ပါတယ်။ နောက် Debt ရင်းနှီးမြှုပ်နှံမှုဆိုတာတော့ ငွေချေးတာပါ။ မြန်မာနိုင်ငံမှာတော့ငွေချေးတဲ့အခါမှာ ဘဏ်တစ်ခုတည်းကနေပြီးတော့ ငွေချေးလို့ရပါတယ်။ ဒါတောင်မှ ဘဏ်ကနေငွေချေးဖို့က သိပ်ပြီးတော့ မလွယ်တဲ့အခြေအနေမျိုး

တွေကြုံရပါတယ်။ ဒါပေမယ့် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာတော့ Bank Loan တွေအပြင် Born တွေ Corporate Born တွေ တကယ်လို့သာ ပုဂ္ဂလိကဖြစ်မယ်ဆိုလို့ရှိရင် Corporate Born တွေ ဒီ အစိုးရဖြစ်မယ်ဆိုရင် တခြား Trastery Bon တွေ ဒါမှမဟုတ်ရင် Project နဲ့ပတ်သက်တဲ့ Born တွေထုတ်ပြီးတော့ Debt Equity နဲ့ Debt ကိုရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ခုနတုန်းကပြောသလို Loan ဆိုတဲ့ Debt များနေရင်ဘယ်လိုဖြစ်မလဲ။ Equity နည်းနေရင်ဘယ်လို ဖြစ်မလဲဆိုတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ International Market မှာ Equity တွေအများကြီး ထည့်ပြီးတော့ အကြွေးနည်းနည်းလေးနဲ့လုပ်တယ်ဆိုတဲ့ အဖွဲ့အစည်းမျိုး၊ ကုမ္ပဏီမျိုးမရှိပါဘူးခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ Equity အရမ်းများတော့ Value of the Enterprise ကကျသွားပါတယ်။ Stock Market မှာ ဒီ Value of the Enterprise ကို ပြန်တွက်မယ်ဆိုလို့ရှိရင် Debt များလေလေ။ Value of the Enterprise ကနေပြီးတော့ ပြန်တက်လာမှာဖြစ်ပါတယ်။ Value of the Enterprise တက်လာတာနဲ့ အမျှ ပိုပြီးတော့ Stock Market မျက်နှာပန်းလှမှာဖြစ်ပါတယ်။ ဒါပေမယ့် Value of Debt က ရှိ သင့်တဲ့ Debt ထက်ပိုသွားတယ်ဆိုလို့ရှိရင်တော့ အဲ့ဒီမှာ ဘာဝင်လာလဲဆိုတော့ Cost တစ်ခုဝင်လာပါတယ်။ အဲ့ဒီ Cost ကတော့ ခုနက Bank Crasy ဖြစ်နိုင်တဲ့ Cost ဝင်လာနိုင်တဲ့အတွက် အဲ့ဒီ Cost ကိုရှောင်ရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ Value of Equity and Debt ဆိုတာကို သေသေချာချာလေ့လာပြီးတော့ Undersized လုပ်ပြီးတော့မှ ကုမ္ပဏီတစ်ခုကို ရင်းနှီးမြှုပ်နှံ တည်ထောင်ရမှာဖြစ်ပါတယ်။ အဲ့ဒီမှာ နိုင်ငံတိုင်း နိုင်ငံတိုင်းက SEZ တွေ Industrial State တွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် Equity အများကြီးထည့်ပြီးတော့ Debt နည်းနည်းလေးနဲ့ Run တယ်ဆိုတဲ့ SEZ မတွေ့သလောက်ပါပဲ။ တော်တော်များများ Equity ၂၀ ရာခိုင်နှုန်းသော်လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းသော်လည်းကောင်း၊ ၃၅ ရာခိုင်နှုန်းသော်လည်းကောင်း၊ ၄၀ ရာခိုင်နှုန်းသော်လည်းကောင်း လုပ်ပြီးတော့ Debt ကို ၆၀ ရာခိုင်နှုန်း ဒါမှမဟုတ်ရင် ၇၀ ရာခိုင်နှုန်းနဲ့ Run နေတဲ့ Industrial Zone တွေအများကြီးဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒါကတော့ Debt Lavel Equity Lavel ဘယ်လောက် ရှိသင့်သလဲဆိုတာကလည်း ချက်ချင်း Role of the Come နဲ့ပြောလို့မရဘဲနဲ့ အဲ့ဒီနိုင်ငံရဲ့ စီးပွားရေးအခြေအနေအပေါ်မူတည် ပြီးတော့ အဲဒီနိုင်ငံရဲ့ Market ပေါ်မူတည်ပြီးတော့ Equity နှင့် Debt Value ကိုပြန်ပြီးတော့ ချိန်ဆရတာဖြစ်ပါ တယ်။ အဲ့ဒါကြောင့်မို့လို့ ခုနကလို Solute Ware Fun တစ်ခုတည်းပြောမယ်ဆိုလို့ရှိရင် Equity ကို Solute Ware Fun ကလည်းယူနိုင်တယ်။ Other Investment Fun တွေကလည်းယူနိုင်တယ်။ Capital Market ကလည်းယူနိုင်တယ်။

နောက်ပြီးတော့ Debt ဆိုလို့ရှိရင်လည်း Bank Loan နဲ့ လည်းယူနိုင်တယ်။ ဒါမှမဟုတ်ရင် Bank Loan ဆိုတာ Cooprate Loan ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် ODA တို့ NODA တို့ဖြစ်ပါတယ်။ ဒါပြီးရင် International Born တွေကနေပြီးတော့ ယူတာတွေရှိပါတယ်။ အဲ့ဒါတွေအကုန်လုံးကို လျှစ်လျူရှုလိုကသလိုဖြစ်သွားပြီးတော့ Solving Debt Fund တစ်ခုတည်းကနေပြီးတော့လုပ်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ရည်ရွယ်ထားတဲ့ဟာက Redgice ဖြစ်ပြီးတော့ Flexible မဖြစ်တော့ဘဲနဲ့ ဖြစ်သွားမှာကိုစိုးရိမ်ပါတယ်။ အဲ့ဒါကြောင့်မို့ Solute Ware Fun ကုမ္ပဏီအဖွဲ့အစည်းတို့ဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်းဆိုတဲ့ဥစ္စာမှာ ကျွန်တော်တို့အနေနဲ့ ဆိုးဗရီးဝဲ Fund မထည့်ဘဲနဲ့ ကျွန်တော်တို့ Generally အနေနဲ့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှာ ထားလိုက်လို့ရှိရင် ခုနလို Equity ဘယ်လို Equity လာလာ အထဲမှာလဲ ဘယ်လို Debt ပဲ လာလာ ဒီ Equity နဲ့ Debt ကို မျှတအောင် ရင်းနှီးမြှုပ်နှံနိုင်မယ်ဆိုပြီးတော့ သဘောသက်ရောက်တဲ့အတွက် အဲဒီဥစ္စာက ပိုပြီးတော့ သင့်တော်မယ် လို့ထင်ပါတယ်ခင်ဗျား။ နောက် ပြောကြားသွားတဲ့အထဲမှာ နိုင်ငံသားနဲ့ နိုင်ငံခြားသားဖက်စပ် ရင်းနှီးမြှုပ်နှံမှုအထဲမှာ ကျွန်တော်တို့အနေနဲ့ ပထမအရင်စာပိုဒ်မှာ ပြောထားတာက ဤအထူး စီးပွားရေးဇုန်များကို တင်ဒါစနစ်ဖြင့်လည်း တည်ထောင်လို့ရနိုင်တယ်။ တကယ်လို့ တင်ဒါစနစ်အဖြစ်နဲ့ မတည်ထောင်ပါက ကျွန်တော်တို့ တခြားနိုင်ငံသားအနေနဲ့ နိုင်ငံတော်အကျိုးကျေးဇူးရှိအောင်လို့ လုပ်ရမယ်ဆိုတဲ့ ဥစ္စာပါပြီးသားဖြစ်တဲ့ အတွက် ကျွန်တော်တို့ အနေနဲ့ ဒီတခြားနိုင်ငံခြား Foreign Investment Law နဲ့ သွားပြီးတော့ ချိတ်ဆက်တဲ့ပုံစံမျိုး မဟုတ်ဘဲနဲ့ ဒီအထူးစီးပွားရေးဇုန် SEZ ကတော့ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ဒီ Regulated Area လိုဖြစ်တဲ့အတွက် တကယ်တမ်းကျွန်တော်တို့ ရမယ်ဆိုတဲ့ အကျိုးကျေးဇူးက နိုင်ငံသားနဲ့ နိုင်ငံခြားသားဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပုဂ္ဂလိက Legal Entity ဖြစ်နိုင်သလို ကျွန်တော်တို့ အစိုးရ Legal Entity လည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုမျိုး ဖက်စပ်ခြင်းအားဖြင့် ဘယ်လောက်အထိ အကျိုးကျေးဇူးရမလဲဆိုတာထက်စာလို့ရှိရင် ဒီလိုမျိုး SEZ တွေ ပေါ်ထွက်လာပြီးတော့ ကျွန်တော်တို့ အလုပ်အကိုင်အခွင့်အလမ်းတွေ Employment Opportunity တွေ အများကြီး ရလာမယ်။ နောက်ပြီးတော့ Technology Transfer တွေ အများကြီးရလာမယ်ဆိုတဲ့ တခြား Benefit တွေ အများကြီးကို ကြည့်နိုင်မယ်ဆိုလို့ရှိရင် ပိုပြီးတော့ သင့်တော်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ SEZ ဥပဒေသည် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ တခြားဥပဒေတွေနဲ့ ချိတ်ဆက်ထားခြင်း မရှိဘဲနဲ့ SEZ ဥပဒေကိုတော့ နိုင်ငံတော်တော် များများက လွတ်လပ်ခွင့်ပေးပြီးတော့ Benefit ဆိုတဲ့နေရာမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ

ချက်ချင်းအမြန်ဆုံး ရနိုင်မယ့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာစေဖို့ ပြီးတော့ Technology Transfer ချက်ချင်းရနိုင်မယ့်ဥစ္စာတွေ ဖြစ်နိုင်အောင်လို့ SEZ ဥပဒေကိုတော့တခြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများနဲ့ ဆက်စပ်မှု မရှိဘဲနဲ့ Separately ထုတ်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ပထမဥပဒေကြမ်းကော်မတီက ရေးဆွဲထားခဲ့တဲ့ ဥပဒေကြမ်းကော်မတီက အတည်ပြုထားခဲ့တဲ့ အထူးစီးပွားရေးဇုန် တည်ဆောက်ရာတွင် ရာနှုန်းပြည့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြင့်သော်လည်းကောင်း၊ ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဖြင့်သော်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဖြင့်သော်လည်းကောင်း ရင်းနှီးတည်ဆောက်သူ အဖြစ် ဆောင်ရွက်နိုင်သည်ဆိုတဲ့အဆိုကို ကျွန်တော် ထောက်ခံကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခု ရှင်းသွားတာလည်း အင်မတန်ကောင်းပါတယ်။ အဲဒီတော့ ဦးကြည်မြင့် ဒီမူလအဆိုပြုပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၃၈ က သူဖျက်လိုက်တာ ရာခိုင်နှုန်းပြည့် နိုင်ငံသား ရင်းနှီး မြှုပ်နှံမှုဖြင့်သော်လည်းကောင်းဆိုတာဖျက်ပြီးတော့ ခုနက လိုတဲ့နေရာတွေမှာ Highlight လုပ်ပြီး တော့ ဖော်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဖျက်တာတွေကို ဒီဘက်က အစားထိုးမယ်ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ အဓိကကတော့ ဘာလဲဆိုရင် ကျွန်တော်နားလည်တာက ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံတယ်ဆိုတဲ့စကားဟာ နည်းနည်းလေး ကျွန်တော်တို့ စဉ်းစားရမယ့် သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံနဲ့ ဆွေးနွေးနိုင်ဖို့အတွက် ကျွန်တော်ဒီမှာ အဆုံးအဖြတ်မယူချင်သေးပါဘူး။ ဒါကြောင့်မို့လို့ ခုနက အဆိုပြုတဲ့ ဦးကြည်မြင့်ရယ်၊ ဥပဒေကြမ်း ကော်မတီရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရယ် ကျွန်တော်တို့လွှတ်တော်မှာ ဖွဲ့ထားတဲ့ ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ရှိပါတယ်။ အဲဒီထဲမှာ စီးပွားရေးနှင့် ပတ်သက်တဲ့ နားလည်တဲ့ပုဂ္ဂိုလ်တွေရှိပါတယ်။ တစ်ရက် အချိန်တစ်ခုယူပြီး ထိုင်လိုက်မယ်ဆိုရင် ဒီဟာ ကောင်းမွန်တဲ့ရလဒ်တစ်ခုဖြစ်ပါမယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့ ဒီနေ့ မဆွေးနွေးသေးဘဲ ဒီမှာ ပယ်ဖျက်ထားပါမယ်။ အချိန်ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ လူစုံတုန်း မနက်ဖြန် သို့မဟုတ် လို့ရှိရင် ဒီနေ့ညနေရရင် ဒီနေ့ညနေ ဆွေးနွေးလိုက်တယ်ဆိုရင် ခုနက ကောင်းတဲ့အဖြေရလာမှာဖြစ်ပြီး အဲဒီအဖြေကိုပဲ ကျွန်တော်တို့ လွှတ်တော်ထဲမှာ အတည်ပြုခံယူချင်ပါတယ်။ ဦးကြည်မြင့် ကျွန်တော်ရဲ့ အဆိုပြုချက် ဘာများပြော စရာရှိပါသလဲ။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရဲ့ အဆိုပြုချက်က အများကြီးသင့်တော်ပါ တယ်။ ကျွန်တော့်လိုလားချက်ကြောင့်ချည်းပြောတာမဟုတ်ပါဘူး။ တိုင်းပြည်နှင့် လူမျိုးအတွက်

ရေရှည်တွေ့ကြုံရမယ့်ကိစ္စပါ။ နောက်ပြီးတော့ ဒီအထူးစီးပွားရေးဇုန်ဥပဒေကြမ်းဆိုတာက လောလော ဆယ်သာ ကျွန်တော်တို့က ၃ နေရာပဲမြင်သေးတာကို တရုတ်ပြည်မှာဆိုလို့ရှိရင် ၆ ၆ နေရာက စပြီးတော့ နောက်ပိုင်းကျတော့ ထပ်ပြီးတိုးချဲ့သွားတာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော် တို့တွေက အသက်သာကြီးသွားတယ် အတွေ့အကြုံတွေသာများလာမယ် လူကဘာမှမဖြစ်လာဘူး ဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ဥက္ကဋ္ဌကြီးရဲ့ စေတနာကို ကျွန်တော့်အနေနဲ့ သဘောပေါက် နားလည်ပါတယ်။ ကျွန်တော်အပြည့်အဝလက်ခံပါတယ်ခင်ဗျား။ ကျေးဇူးပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့် အဆိုပြုတင်ပြချက်အားလုံး ပြီးသွားပြီထင်ပါတယ်။ ဒါ့ကြောင့် နောက်ဆုံးဆွေးနွေးကြတဲ့ ဆွေးနွေးချက်ကို ဒီနေ့လွှတ်တော်ရပ်နားချိန်နောက်ပိုင်းမှာ မနက်ဖြန်အတွင်း ပြန်လည်ဆွေးနွေးပြီးတော့ ဆွေးနွေးရရှိချက်ကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအတွက် ဥပဒေကြမ်းကော်မတီက တာဝန်ယူဆက်လက်ဆောင်ရွက်ပါ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၄း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]